ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့၊ (30-12-2010) (၆၆၂၉)

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေး လမ်းပိုင်း) ကမ္ပည်းမော်ကွန်း ကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကိုလိုနီနယ်ချဲ့ လက်သစ်တို့၏ အန္တရာယ်

ယခုကာလတွင် ကိုလိုနီနယ်ချဲ့ လက်သစ်များသည် တစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ၎င်းတို့၏ ဩဇာခံနိုင်ငံ ဖြစ်လာအောင် ဖိအားပေးအကျပ်ကိုင်ခြင်း၊ ၎င်းတို့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရဖြစ်လာအောင် နည်းမျိုးစုံအသုံးပြုပြီး ချုပ်ချယ်ထိန်းကွပ်ခြင်း နည်းလမ်းတို့ဖြင့် သက်ဆိုင်ရာနိုင်ငံ၏ အချုပ်အခြာအာဏာကို ကျူးကျော်ထိပါးသော ကိုလိုနီနယ်ချဲ့လက်သစ် နည်းစနစ်များကို အသုံးပြုလျက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ-

မြန်မာနိုင်ငံအထက်ပိုင်းနှင့် တောင်ပိုင်းဒေသများကို ဆက်သွယ်ပေးမည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အောင်မြင်ပြီးမြောက်

နေပြည်တော်ကိုဗဟိုပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးကို လွယ်ကူစွာသွားလာနိုင်စေရန် အမြန်လမ်းမကြီးကို ဆောင်ရွက်ခဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် မိမိတို့နိုင်ငံတော်ကို အရှိန်အဟုန်ဖြင့် လျင်လျင်မြန်မြန်တိုးတက်စေရန် ကြိုးပမ်း အတိတ်ကာလဖြစ်စဉ်များအပေါ် သင်ခန်းစာယူပြီး အနာဂတ်နိုင်ငံတော်သစ်နှင့်ကိုက်ညီမည့်အခြေခံအဆောက်အအုံများ တည်ဆောက် နယ်မြေဒေသတစ်ခုမှတစ်ခုသို့ သွားလာနိုင်ခြင်းကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည်လည်း ပိုမိုခိုင်မြဲလာမည်ဖြစ်

နေပြည်တော် ဒီဇင်ဘာ ၂၉

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့က တာဝန်ယူဖောက်လုပ်ပြီးစီးသွားသည့် နိုင်ငံတကာအဆင့်မီ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်တွင် အဆိုပါ အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၂၀၂/၁) နေပြည်တော် စီလမ်းဆုံရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားသည်။

အဆိုပါ အမြန်လမ်းမကြီး ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နေပြည်တော်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ကုမ္ပဏီများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန မင်္ဂလာစည်တော်၊ စစ်ကိုင်းမိုးဇာ ပြောနှင့် ကျောက်ဆည် ဇော်ဂျီမောင် ဆင်အကအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❁

ကြေးမုံ The Mirror
၃၀-၁၂-၂၀၁၀ (ကြာသပတေးနေ့)

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ အဖိုးထိုက်ရတနာ

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းကပင် တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော် ပေါင်းစည်းနေထိုင်လာခဲ့သည့် နိုင်ငံဖြစ်သည်။ အသီးတစ်ရာ အညှာတစ်ခုပမာ မြန်မာ့မြေ မြန်မာ့ရေပေါ်တွင် ပေါက်ဖွားနေထိုင်လာခဲ့ကြရာ ရင်းနှီးချစ်ကြည်မှုနှင့် စည်းလုံးညီညွတ်မှုတို့ တည်တံ့ခိုင်မြဲလျက်ရှိသည်။

နိုင်ငံ၏သမိုင်းကြောင်းကို ပြန်ကြည့်လျှင် ရှေးဘိုးဘွားတို့ အစဉ်အဆက်ကပင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုဖြင့် ကမ္ဘာ့အလယ်တွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်လာခဲ့သော နိုင်ငံဖြစ်သည်။ တစ်ချိန်တွင် ကိုလိုနီနယ်ချဲ့တို့၏ မတရားသိမ်းပိုက်မှုကြောင့် မြန်မာ့အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရဖူးသည်။ သူ့ကျွန်မခံလိုသော တိုင်းရင်းသားပြည်သူအပေါင်းတို့က နိုင်ငံချစ်စိတ်၊ ဇာတိသွေး ဇာတိမာန်ဖြင့် နယ်ချဲ့တို့ကို တွန်းလှန်တိုက်ပွဲဝင် ဆင်နွှဲမှုကြောင့် ဆုံးရှုံးသွားသည့် လွတ်လပ်ရေး ပြန်လည်ရရှိလာခဲ့သည်။

လွတ်လပ်ရေးသည် ဆုံးရှုံးရန် မြန်ဆန်လွယ်ကူသလောက် ပြန်လည်ရရှိရေးကြိုးပမ်းရာတွင် ကာလကြာရှည်တတ်သည်။ တိုင်းရင်းသားပြည်သူများက အသက်၊ သွေး၊ ချွေး ရင်းနှီးပေးဆပ်ပြီး ခက်ခက်ခဲခဲ တိုက်ပွဲဝင်ပြီးမှသာ ပြန်လည်ရရှိနိုင်သည်ကို သတိပြုကြရပေမည်။ သမိုင်းခေတ်ရေစီးကြောင်းတွင် သူ့ကျွန်ဘဝ ဖိနှိပ်ချုပ်ချယ်မှုနှင့် ခါးသီးသောအတွေ့အကြုံများကို ခံစားရရှိခဲ့ကြပြီဖြစ်သည်။

ယခုအခါ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်လျက်ရှိနေပြီ။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ရဲဝံ့စွန့်စား ရယူခဲ့ကြရသည့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသက်တမ်းသည် (၆၃)နှစ်ပြည့်မြောက်တော့မည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရန် တိုင်းရင်းသားပြည်သူအားလုံးတွင် တာဝန်ရှိသည်။

မြန်မာတို့သည် မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်မြတ်နိုးသည့် မျိုးရိုးဗီဇရှိကြသည်။ မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့စရိုက်ထုံးတမ်းများကို တန်ဖိုးထားထိန်းသိမ်းကြသူများဖြစ်သည်။ ဇာတိသွေး ဇာတိမာန် ထက်သန်သူများပီပီ အမျိုးသားရေးဂုဏ်သိက္ခာကို အထိပါးမခံသည့် စိတ်ဓာတ်ရှိကြသည်။ ယင်းအစဉ်အလာကောင်း၊ စိတ်ဓာတ်ကောင်းများဖြင့် ဘိုးဘွားများ တည်ဆောက်ထိန်းသိမ်းလာခဲ့သည့် လွတ်လပ်သော မြန်မာနိုင်ငံကို ဆက်လက်ကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

မျက်မှောက်အချိန်အခါတွင် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော နိုင်ငံသားဘဝ၌ ငြိမ်းချမ်းသာယာ လွတ်လပ်မှုအနှစ်သာရများကို ရရှိနေကြပြီဖြစ်သည်။ မည်သို့သော အဖျက်အမှောင့် အနှောင့်အယှက်များဖြင့် တွေ့ကြုံရသည်ဖြစ်စေ ဘိုးဘွားအစဉ်အဆက် အသက်နှင့်ရင်း၍ ရယူတည်ဆောက်ပေးခဲ့သည့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ အဖိုးထိုက်ရတနာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေး တိုင်းရင်းသားအားလုံးက လက်တွဲကာကွယ် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအား အပြန်အလှန်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုသည့်အခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချိုပြောင်ဂျေသည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံရာတွင် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်တို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ကိုရီးယားသမ္မတနိုင်ငံအစိုးရတို့အကြား သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအား အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုသည့် အခမ်းအနားကို ဆက်လက်ကျင်းပသည်။

အဆိုပါ သဘောတူစာချုပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဒုတိယဝန်ကြီး ဦးမောင်မြင့်တို့၏ ရှေ့မှောက်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် ကိုရီးယားသမ္မတနိုင်ငံ အစိုးရကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချိုပြောင်ဂျေတို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးသိန်းညွန့် မအူပင်မြို့နယ် လမ်းသစ်ဖွင့်ပွဲများ တက်ရောက်အားပေး

နေပြည်တော် ဒီဇင်ဘာ ၂၉

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ထနီး-မအူလေးပင်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် တက်ရောက်အားပေးသည်။

အခမ်းအနားတွင် မအူပင်ခရိုင်ဥက္ကဋ္ဌ ဦးအေးသောင်း၊ မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် ဒေသခံပြည်သူတစ်ဦးတို့က ထနီး-မအူလေးပင် ကျေးလက်ကျောက်ချော လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ထနီး-မအူလေးပင် ကျေးလက်ကျောက်ချောလမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် မင်းဘောကျေးရွာအဝင် ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အလားတူ မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ရွှေတောင်မှော်ကျေးရွာ ဈေးပတ်လမ်း ကတ္တရာလမ်းသစ်နှင့် အမကကျောင်းသွား ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် မင်းဘောကျေးရွာအဝင် ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၂၉

အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၂၀) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပတ္တမြားခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးကျော်အောင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနအသီးသီးရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိ အရာထမ်း သင်တန်းသူ ၆၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်ထုတ်လွှင့်

နေပြည်တော် ဒီဇင်ဘာ ၂၉

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှ လွှင့်အား ၅၀ ဝပ်၊ လှိုင်းနှုန်း (UMF Channel -j 13) ဖြင့် ဒီဇင်ဘာ ၂၆ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/ အသံကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြဝတီ ရုပ်မြင်သံကြား အစီအစဉ်

၃၀-၁၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၃၀	၃။	ဓမ္မပူဇာတေး
၇း၃၅	၄။	မျိုးချစ်တပ်မတော်
၇း၄၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၃၀	၃။	မျိုးချစ်တပ်မတော်
၄း၄၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၅။	ဇာတ်လမ်းတို
၄း၅၀	၆။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၅	၇။	ဗွီစီဒီကျော်ကြားတေး
၅း၀၀	၈။	မွေးမြူသုတ
၅း၁၀	၉။	မီးသတိပေးနှိုးဆော်ချက်
၅း၃၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၅	၁၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း(အပိုင်း-၂၆)**
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၄။	လျှပ်တစ်ပြက်
၆း၃၀	၁၅။	ထူးဆန်းထွေလာမျက်လှည့်ပညာ
၆း၄၅	၁၆။	ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ (အပိုင်း-၃၄)
၇း၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အိပ်မက်ကောင်းကင် (အပိုင်း-၁၈)**
၇း၅၃	၁၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသသတင်း
	၂၃။	လျှပ်တစ်ပြက်
	၂၄။	အနုပညာရှင်၏တစ်နေ့တာ
	၂၅။	ကုန်သွယ်သုတ
	၂၆။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၇။	**ရသစုံလင်ရုပ်မြင်သံကြားဇာတ်လမ်း -ကျွန်းအလှနှင့်ဘဝကဗျာ အပိုင်း(၂၀)(ဇာတ်သိမ်း)**
	၂၈။	ဂီတရင်ခုန်သံ
	၂၉။	သင့်အတွက်မနက်ဖြန်
	၃၀။	အပိတ်နှုတ်ဆက်စကား
	၃၁။	ပြီးပါပြီ။

ကြည့်ရှုအားပေး

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နေပြည်တော်ဘောလုံးအားကစားကွင်း အမှတ်(၁)၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး တက်ရောက်၍ ဗိုလ်လုပွဲယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးပြီး ဆုရအသင်းအား တံခွန်စိုက်ဖလားဆုနှင့် ကိုယ်ပွားဖလားဆုတို့ကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက တတိယဆုရ နေပြည်တော်တိုင်း စစ်ဌာနချုပ် အသင်းအား ငွေသားဆုကို လည်းကောင်း၊ ဒုတိယဆုရ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆု ရရှိကြသူများနှင့် အသန့်ရှင်းဆုံးဆုရ နေပြည်တော်တိုင်းစစ်ဌာနချုပ် အသင်းတို့အား ငွေသားဆုများနှင့် ဆုတံဆိပ်၊ ဆုဖလားတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းအား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးက ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဖလားဆုနှင့် ကိုယ်ပွားဖလားဆုတို့ကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၀-၁၂-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	အဆိုပြိုင်ပွဲ
၈း၁၀	၇။	အကပဒေသာ
၈း၂၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၃၀	၉။	"အမှန်ထင်နေသောအမှား"
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄း၅၀	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၆။	နိုင်ငံတော်သံစုံတီးဝိုင်းနှင့် နိုင်ငံတော်ဆိုင်းဝိုင်းကြီးအဖွဲ့ ပူးတွဲဖျော်ဖြေတင်ဆက်မှု အစီအစဉ်
၅း၂၀	၇။	ရုပ်မြင်ရသတေးစုကဏ္ဍ
၅း၃၀	၈။	"သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်" (Fresh)
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၅	၁၀။	မိုးလေဝသအခြေအနေ
၆း၂၀	၁၁။	**ပျော်ရွှင်စေသော နေ့ရက်များ**
၆း၄၀	၁၂။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရန်မဲ့. . . ရန်ခုန်သံ" (အပိုင်း-၂၂)**
၇း၅၅	၁၄။	သမိုင်းသစ်အတွက်လမ်းသစ် (စည်သူလွင်၊ ရေဗက္ကဝင်း၊ သရုပ်ဆောင်-မိုးယံဇွန်၊ ရေဗက္ကဝင်း)
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	ပြည်ထောင်စုရဲ့အလှပန်း (ဟေမာနေဝင်း၊ သရုပ်ဆောင်-အေးမြတ်သူ)
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	"အစာလည်းဆေး၊ ဆေးလည်းအစာ" (အပိုင်း-၇)
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၁၄)**
	၂၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၂၃)**
	၂၂။	အစီအစဉ်ပြီး၏။



(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မေတ္တာမွန် သွေးလှူရှင်အဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ စုပေါင်း၍ သွေးလှူရှင် ၁၄၀ တို့က အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး (မြောက်ဥက္ကလာပ) ၌ စတုတ္ထအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းစဉ်။ (ကြေးမုံ)

လွတ်လပ်ရေးနေ့အကြို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုများ၏ ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုများ၏ အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ အမျိုးသားဖူဆယ်ပြိုင်ပွဲဝင် ၁၂ သင်း၊ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲဝင် ၁၀ သင်းနှင့် အမျိုးသား ပိုက်ကျော်ခြင်း ပြိုင်ပွဲဝင် လေးသင်းတို့ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ၏ အမျိုးသားဖူဆယ် ဘောလုံးပြိုင်ပွဲဝင် အသင်းများအဖြစ် ဝန်ကြီးရုံး (က)အသင်း၊ လုပ်ငန်းနှင့် စစ်ဆေးရေးအသင်း၊ ၁၀၆ အသင်း၊ စာပို့တိုက်လုပ်ငန်းအသင်း၊ ပစ္စည်းဌာနအသင်း၊ ငွေစာရင်းအသင်း၊ အော်တိုဖုန်းဌာနအသင်း၊ ဝန်ကြီးရုံး (ခ)အသင်း၊ မိုဘိုင်းဖုန်းဌာနအသင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအသင်း၊ ပျဉ်းမနားအိတ်ချိန်းအသင်းနှင့် ITဌာနအသင်းများ ယှဉ်ပြိုင်လျက်ရှိပြီး ဝန်ထမ်းနှင့် မိသားစုများက အားပေးလျက်ရှိကြောင်း၊ ပြိုင်ပွဲဗိုလ်လုပွဲများကို (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး မိသားစုများ ပျော်ပွဲရွှင်ပွဲနှင့် ဝန်ထမ်းသားသမီးငယ်များအတွက် ပျော်ရွှင်ဖွယ် ကံစမ်းမဲများကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိသားစုများ၏ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ကျင်းပစဉ်။ (သတင်းစဉ်)

ညောင်တုန်းအသင်း(ရန်ကုန်) သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၉

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏ (၇၂)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုနှင့် အခြားထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရေဝတီတိုင်းဓမ္မာရုံ၌ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကျင်းပမည်ဖြစ်ရာ အခြားထူးချွန်ဆုရရှိသူများသည် အထောက်အထား ပြည့်စုံစွာဖြင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက် နောက်ဆုံးထား၍ ဦးလှမြင့် ဖုန်း-၆၄၁၄၃၅၊ ဦးအေးကျော် ဖုန်း-၅၆၅၄၇၉၊ ၀၉၅၁၁၄၁၂၅၊ ဦးစိုးဝင်း ဖုန်း-၂၀၃၅၀၁၊ ၇၃၀ ၃၇၄၉၆၊ ဦးစံမြိုင် ဖုန်း-၇၃၀-၃၁၇၆၈နှင့် အသင်းတိုက် ဖုန်း-၃၈၀၁၀၆ တို့သို့ ဆက်သွယ်ပေးနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၉

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ (15th MGC Junior Golf Open Championships 2011) ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီးရိုက်အသင်း (၉-မိုင်၊ ပြည်လမ်း)၌ ကျင်းပမည်ဖြစ်သည်။

15th MGC Junior Golf Open Championships 2011 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသက်(၁၀-၁၂)နှစ်အတန်း၊ အသက်(၁၃-၁၅)နှစ်အတန်း၊ အသက်(၁၆-၂၀)နှစ်အတန်းများနှင့် အမျိုးသမီးပြိုင်ပွဲ၌ အသက်(၁၀-၁၈)နှစ်အတန်းဟူ၍ လေးတန်း ခွဲခြားပြီး ကျင်းပမည်ဖြစ်ကာ ဆုများကို အတန်းလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲများ၏ ဆုများကို မြန်မာနိုင်ငံဂေါက်သီး အဖွဲ့ချုပ်၊ မြန်မာဂေါက်သီးရိုက်အသင်းနှင့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် တစ်ဦးချင်းအလှူရှင်များက ကူညီပံ့ပိုးကြမည်ဖြစ်ပြီး ထပ်မံပံ့ပိုးလိုသော အလှူရှင်နှင့် အဖွဲ့အစည်းများရှိပါက စီမံ(မန်နေဂျာ) ဖုန်း-၆၆၅၅၃၁သို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်။

ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက် အားကစားမောင်မယ်များသည် ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်အသင်း(၉မိုင်၊ ပြည်လမ်း)သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး လူဦးရေ အကန့်အသတ်ရှိမည်ဖြစ်သဖြင့် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်သည်၊ ပြိုင်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသူများသည် မြန်မာဂေါက်သီးရိုက်အသင်း ဖုန်း-၆၆၁၇၀၂၊ ၆၆၅၅၃၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် စံချိန်မီရပ်ကွက် ဇေယျာ(၃)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်တွင် အဆိုပါ မုခ်ဦးရှေ့၌ ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး နိုင်ငံတကာအဆင့်မီ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေး လမ်းပိုင်း) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✪ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းကို ၂၀၀၅ ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်ခဲ့။

✪ ဖောက်လုပ်ပြီးစီးခဲ့သည့် ရန်ကုန်-နေပြည်တော်လမ်းပိုင်း ၂၀၂ မိုင် တစ်ဖာလုံကို ပြည်သူများအသုံးပြုနိုင်ရန် ၂၀၀၉ ခုနှစ် မတ် ၂၅ ရက်က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်၍ နေပြည်တော်နှင့် ရန်ကုန်အကြား လေးနာရီခန့်ဖြင့် သွားလာနိုင်ခဲ့သကဲ့သို့ ယနေ့ဖွင့်လှစ်သည့် နေပြည်တော်-မန္တလေး လမ်းပိုင်း မိုင် ၁၅၀ ငါးဖာလုံကို သုံးနာရီခန့်ဖြင့် သွားလာနိုင်မည်ဖြစ်သည့်အတွက် ယခုဆိုလျှင် ရန်ကုန်နှင့် မန္တလေးခရီးကို ခုနစ်နာရီခန့်ဖြင့် အရောက် သွားလာနိုင်။

❀ **ရွှေဖုံးမှ**

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် နေပြည်တော်-မန္တလေးလမ်းပိုင်းကို နိုင်ငံတကာအဆင့်မီ လမ်းမကြီးအဖြစ် ဖွင့်လှစ်နိုင်မှုနှင့်အတူ နေပြည်တော်ကို ဗဟိုပြုပြီး မြန်မာနိုင်ငံ အထက်ပိုင်းနှင့် တောင်ပိုင်းဒေသများကို ဆက်သွယ်ပေးမည့် ရန်ကုန်-မန္တလေး နိုင်ငံတကာအဆင့်မီ အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်း လုပ်ငန်းတစ်ခုလုံး အောင်မြင်ပြီးမြောက်ခြင်း အခမ်းအနားဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ရယူထမ်းဆောင်ခဲ့ရသည့် ကာလကစပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ သမိုင်းရေးအမွေဆိုးများသာမက မျက်မှောက်ကာလ ပြည်တွင်း ပြည်ပ မျက်နှာစာများမှ အဖျက်အမှောင့် အန္တရာယ်များ၊ သဘာဝအတားအဆီးများစသည့် စိန်ခေါ်မှုအမျိုးမျိုးကို "ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ရင်ဆိုင်ဖြေရှင်းကျော်လွှားရင်း အကြောင်းအမျိုးမျိုးကြောင့် ခေတ်နောက်ကျခဲ့ရသည့် မိမိတို့နိုင်ငံတော်ကို အရှိန်အဟုန်ဖြင့် လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရေးအတွက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် မျှော်မှန်း တည်ဆောက်လျက်ရှိရာ အတိတ်ကာလက အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေခဲ့သည့် ဖြစ်စဉ်များအပေါ် သင်ခန်းစာယူပြီး အနာဂတ်နိုင်ငံတော်သစ်၏ အခြေအနေနှင့် ကိုက်ညီမည့် အခြေခံအဆောက်အအုံများကို ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ သဘာဝအမွေအနှစ်များဖြစ်သည့် ရိုးမတောင်တန်းကြီးများ၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ချောင်းအင်းအိုင်များ၊ သစ်တောကြီးများ၊ ကုန်းပြင်မြင့်နှင့် မြေပြန့်လွင်ပြင်များစသည့် ပထဝီအနေအထားများသည် နယ်မြေဒေသတစ်ခုနှင့်တစ်ခုအကြား ကူးသန်းဆက်သွယ်ရေးအတွက် အကန့်အသတ် အတားအဆီးများသဖွယ်ဖြစ်၍ ပြည်ထောင်စုတစ်ဝန်းလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာတွင် အဟန့်အတားသဖွယ်ရှိနေခဲ့ကြောင်း။

ပိုမိုခိုင်မြဲ

တိုင်းဒေသကြီးများနှင့် ပြည်နယ်များအပါအဝင် နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ကောင်းမွန်ရေးသည် အခြေခံကျလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်နှင့်အမျှ နယ်မြေဒေသတစ်ခုမှတစ်ခုသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်ခြင်းကြောင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်လာသည်သာမက တိုင်းရင်းသားညီအစ်ကိုမောင်နှမ အချင်းချင်း ထိတွေ့ရင်းနှီးမှုများ ပိုမိုရရှိလာကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည်လည်း ပိုမိုခိုင်မြဲလာမည်ဖြစ်ကြောင်း။

အကျိုးဖြစ်ထွန်း

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးရွာချင်းဆက်လမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများနှင့် ခရိုင်ချင်းဆက်လမ်းများကို အခြေခံကျကျ စီမံဆောင်ရွက်ပေးပြီး တိုင်းဒေသကြီးများနှင့် ပြည်နယ်များအကြား ဆက်သွယ်သွားလာနိုင်သည့် ကားလမ်းမကြီးများ၊ ရထားလမ်းများ၊ မြစ်ကူးချောင်းကူးတံတားများကို ကွန်ရက်သဖွယ် ချိတ်ဆက်ဖောက်လုပ်ပေးခဲ့ကြောင်း၊ ယခုဆိုလျှင် မြောက်ဘက်ဖျားကချင်ပြည်နယ်မှ တောင်ဘက်စွန်း တနင်္သာရီတိုင်းဒေသကြီးအထိ၊ အနောက်ဘက် ရခိုင်ပြည်နယ်မှ အရှေ့ဘက် ရှမ်းပြည်နယ်အထိ၊ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများနှင့် ချင်းတောင်ဒေသများမှ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အထိ နယ်မြေဒေသအသီးသီးသို့ အချိန်တိုအတွင်း လုံခြုံချောမွေ့စွာဖြင့် ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်၍ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အကျိုးများ ဖြစ်ထွန်းရရှိနေကြပြီဖြစ်ကြောင်း။

နေပြည်တော်ကို ဗဟိုပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးကို လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မှု၊ စီမံခန့်ခွဲမှုကိစ္စရပ်များကို လျင်မြန်စွာ ဆောင်ရွက်နိုင်မှု အစရှိသည့် အကျိုးစီးပွားကို ဖော်ဆောင်နိုင်စေရန်အတွက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းကို ၂၀၀၅ ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ဖောက်လုပ်ပြီးစီးခဲ့သည့် ရန်ကုန်-နေပြည်တော် လမ်းပိုင်း ၂၀၂ မိုင် တစ်ဖာလုံကို ပြည်သူများ အသုံးပြုနိုင်ရန် ၂၀၀၉ ခုနှစ် မတ် ၂၅ ရက်က ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်၍ နေပြည်တော်နှင့် ရန်ကုန်အကြားလေးနာရီခန့်ဖြင့် သွားလာနိုင်ခဲ့သကဲ့သို့ ယနေ့ဖွင့်လှစ်သည့် နေပြည်တော်-မန္တလေး လမ်းပိုင်း မိုင် ၁၅၀ ငါးဖာလုံကို သုံးနာရီခန့်ဖြင့် သွားလာနိုင်မည်ဖြစ်သည့်အတွက် ယခုဆိုလျှင် ရန်ကုန်နှင့် မန္တလေးခရီးကို ခုနစ်နာရီခန့်ဖြင့် အရောက်သွားလာနိုင်ကြတော့မည်ဖြစ်ကြောင်း။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် လမ်းနယ်အကျယ်ပေ ၄၀၀၊ လမ်းလယ်ကျွန်း အကျယ်ပေ ၃၀၊ အောက်ခံကွန်ကရစ်ဒု ခြောက်လက်မ၊ မျက်နှာပြင်လွှာ ကွန်ကရစ်ဒု ၁၂ လက်မ၊ ခံနိုင်ဝန်တန် ၈၀၊ တစ်ဖက်လျှင် နှစ်လမ်းသွားဖြင့် လေးလမ်းသွား ကွန်ကရစ်လမ်းမကြီးအဖြစ် ဖောက်လုပ်ထားခြင်းဖြစ်ကြောင်း။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက် ပေ ၁၈၀အထက် တံတား ၇၂ စင်း၊ ပေ ၅၀ နှင့် ပေ ၁၈၀ အကြား တံတား ၂၀၂ စင်း၊ ပေ ၅၀ အောက် တံတားပေါင်း ၁၆၄ စင်းတို့ကို ထည့်သွင်းတည်ဆောက်ထားကြောင်း၊ ထို့အပြင် အမြန်လမ်းမကြီးတစ်လျှောက် Box Culvert ၈၄၂ စင်း ဆောက်လုပ်ခဲ့ရသည့်နည်းတူ အမြန်လမ်းမကြီးအနီး ကျေးရွာများ အချင်းချင်း ဆက်သွယ်သွားလာနိုင်ရေးအတွက် Under Pass ၁၁၆ စင်းတို့ကို စီမံဆောင်ရွက်ထားကြောင်း၊ စားသောက်ဆိုင်၊ မော်တော်ယာဉ်အလုပ်ရုံ၊ စက်သုံးဆီအရောင်းဆိုင်၊ ယာဉ်ရပ်နားစခန်းငါးခုနှင့် လမ်းအသုံးပြုခ ကောက်ခံရေးစခန်း (Toll Gate) ငါးခုတို့ကို ထည့်သွင်းစီစဉ် တည်ဆောက်ထားကြောင်း။

အမြန်လမ်းမကြီးတွင် ပဲခူးရိုးမ အရှေ့နှင့်အနောက် ဖြတ်လမ်းများ အပါအဝင် ရန်ကုန်- မန္တလေးလမ်းတစ်လျှောက် မြို့များနှင့် ဆက်သွယ်ရေးလမ်းပေါင်း ၂၆လမ်းမှတစ်ဆင့် အမြန်လမ်းမကြီး အပေါ်သို့ ဝင်ရောက်ဆက်စပ် သွားလာနိုင်စေရန်လည်း တစ်ပါတည်း စီစဉ်ဆောင်ရွက်ထားကြောင်း၊ အမြန်လမ်းမကြီးတစ်လျှောက် စံကိုက်နှုန်းပြည့် အရည်အသွေးများနှင့်အညီ တည်ဆောက်ထားခြင်းကြောင့် နိုင်ငံတကာခေတ်မီ လမ်းမကြီးများ၏ ဝန်ဆောင်မှုလုပ်ငန်းများကို ရယူသုံးစွဲနိုင်ကြမည် ဖြစ်ကြောင်း။

ယခုကဲ့သို့ ငါးနှစ်ကျော်ကာလအတွင်း မြန်မာအင်ဂျင်နီယာများ၊ အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် နိုင်ငံတော်၏ အဓိက ပြည်ထောင်စုလမ်းမကြီးကို ဖောက်လုပ်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ညီညွတ်မှုအင်အားဖြင့် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက-

"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးပန်းတိုင်မှာ အမျိုးသားရေးပန်းတိုင်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများမှာ မိမိပြည်တွင်းအင်အားကိုသာ အခြေခံပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် ဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကို တည်ဆောက်ရင်း ပြည်သူများရရှိခဲ့သည့် စိတ်ဓာတ်မှာ ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်ပင်ဖြစ်ကြောင်း" လမ်းညွှန်မှာကြားခဲ့ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားမှုနှင့်အညီ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် မိမိပြည်တွင်းအင်အားကို အခြေခံပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် ဖော်ဆောင်မှုက ရရှိလာခဲ့သည့် ကိုယ့်အားကိုယ်ကိုး အမျိုးသားရေးစိတ်ဓာတ် အခြေခံကောင်းများအား ခိုင်မြဲသောပြည်ထောင်စုစိတ်ဓာတ်နှင့် ပေါင်းစည်းလျက် အေးချမ်းသာယာပြီး ခေတ်မီ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

အမှာစကား ပြောကြား

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းတို့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ အမြန်လမ်းမကြီး အချိန်တိုအတွင်းပေါ်ပေါက်လာခြင်းကို ဝမ်းမြောက်ဂုဏ်ယူ လမ်းတစ်လျှောက် အကွေ့အကောက်များ၌ လိုအပ်သည့် သတိပေးလမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ထား ပြည်သူ့အကျိုးပြု ဒေသအကျိုးပြု ဤအမြန်လမ်းမကြီးကို ကိုယ်ပိုင်ပစ္စည်းကဲ့သို့ တန်ဖိုးထားပြီး ဝိုင်းဝန်းထိန်းသိမ်း

❖ စာမျက်နှာ ၄ မှ
ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ပေါ်ထွန်းလာရေး လုပ်ငန်းစဉ်များနှင့် အနာဂတ်နိုင်ငံတော်ကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် စဉ်ဆက်မပြတ်ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ဖွင့်လှစ်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအပါအဝင် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ရှိဝန်ထမ်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြပါ။

အမြန်လမ်းမကြီးကို အသုံးပြုကြသည့် ပြည်သူများအနေဖြင့် လမ်းမကြီး၏ ဥပဒေ၊ စည်းကမ်းများကို အလေးထားလိုက်နာပြီး မိမိတို့၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစွာ အသုံးပြုနိုင်ကြပါစေကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးက အမှာစကားပြောကြားရာတွင် ဘက်စုံကဏ္ဍစုံက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာ၌ အဓိကကျသည့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ကုန်စည်များ ချောချောမောမော ပို့ဆောင်နိုင်ရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးတို့သည် အခြေခံလိုအပ်ချက်များ ဖြစ်ကြောင်း။

ဤကဲ့သို့ အခြေခံကျသော လမ်း၊ တံတားများ ပိုမိုတိုးတက်ကောင်းမွန်လာအောင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ အမြန်လမ်းမကြီးတစ်ခု ပေါ်ပေါက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နယ်စပ်ဒေသများပါမကျန် လွှမ်းခြုံ၍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားအားလုံး၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာစေရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန သီးခြားဖွင့်လှစ်၍ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရက ဖိဖိစီးစီး ဆောင်ရွက်ပေးခဲ့သဖြင့် နယ်စပ်ဒေသများ၏ ရုပ်ပိုင်းဆိုင်ရာ အသွင်သဏ္ဌာန် တိုးတက်ပြောင်းလဲလာမှုနှင့်အတူ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်လည်း ပိုမိုခိုင်မာဖွံ့ဖြိုးလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

တပ်မတော်အစိုးရသည် အနှောင့်အယှက် အဟန့်အတားအမျိုးမျိုးကို ကျော်လွှားပြီး စည်းလုံးညီညွတ်သည့် ပြည်တွင်းအင်အား၊ ထက်မြက်သည့် ပြည်တွင်းမှအသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းဆောင်နိုင်မှု၊ တိုင်းရင်းသားပြည်သူတို့၏ စွမ်းပကားဖြင့် ဆည်တမံများ၊ လမ်း၊ တံတားကြီးများ၊ ဆေးရုံကြီးများ၊ ရထားလမ်းများ တည်ဆောက်ပေးနိုင်ခဲ့သကဲ့သို့ မိမိတို့ဒေသအတွင်း လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်အောင် ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုစီ၌ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တစ်ခုစီတို့ကို ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထို့အတူ နယ်မြေဒေသတစ်ခုနှင့်တစ်ခု လွယ်ကူစွာ သွားလာနိုင်အောင် လမ်း၊ တံတားများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးခဲ့ရာတွင် ယခု ဖောက်လုပ်ပြီးစီးသည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ နေပြည်တော်-မန္တလေးလမ်းပိုင်းကို ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့က တာဝန်ခံ အင်ဂျင်နီယာ အတတ်ပညာရှင်များ၊ လုပ်သားကြီးများ၊ တပ်မတော်သားများ၏ စွမ်းအားဖြင့် ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ အမြန်လမ်းမကြီး အချိန်တိုအတွင်းပေါ်ပေါက်လာခြင်းကို ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူပါသည်ဟု ဂုဏ်ပြုပြောကြားလိုကြောင်း။

လမ်းတစ်လျှောက် ခရီးသွားယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရန် တံတားကြီး/ ငယ် အဝင်အထွက်နေရာများ၊ အကွေ့အကောက်များ၌ လိုအပ်သည့် သတိပေးလမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ထားသည်ကိုတွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲသည် ပြည်သူလူထု၏အကျိုးစီးပွားကို အမြဲတမ်းမျက်ခြည်မပြတ်ကြည့်ရှုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် ယနေ့ဖွင့်လှစ်လိုက်သော အမြန်လမ်းမကြီးသည်လည်း နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် မျှော်ကိုးပြီး လမ်းညွှန်တည်ဆောက်စေခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူများအနေဖြင့် ယခုဖောက်လုပ်ပေးခဲ့သည့် ပြည်သူ့အကျိုးပြု ဒေသအကျိုးပြု ဤအမြန်လမ်းမကြီးကို ကိုယ်ပိုင်ပစ္စည်းကဲ့သို့ တန်ဖိုးထားပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး တည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ဖွင့်လှစ်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးစီမံကိန်းကို ၂၀၀၂ ခုနှစ်မှစတင်၍ ပဏာမလုပ်ငန်းများဖြစ်သည့် လမ်းအူကြောင်းရှာဖွေခြင်း၊ အသေးစိတ်တိုင်းတာ ပုံထုတ်ခြင်းစသည့် အကြိုအင်ဂျင်နီယာ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မူလက လေးလမ်းသွား ကတ္တရာလမ်းသာ ဖောက်လုပ်ရန် လျာထားခဲ့သော်လည်း နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)တွင် ရှစ်လမ်းသွား ကွန်ကရစ်လမ်းမကြီးအဖြစ် တည်ဆောက်ရန်ဆုံးဖြတ်ခဲ့ပြီး ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ရန်ကုန် အမှတ်(၃)လမ်းဆုံမှ နေပြည်တော်လမ်းပိုင်းအထိ ၂၀၂ မိုင် တစ်ဖာလုံကို ၂၅-၃-၂၀၀၉ ရက်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ယနေ့ ၂၉-၁၂-၂၀၁၀ ရက်တွင် နေပြည်တော်မှ မန္တလေးလမ်းပိုင်းအထိ မိုင် ၁၅၀ ငါးဖာလုံကို ဖွင့်လှစ်ပေးနိုင်သည့်အတွက် ရန်ကုန် အမှတ်(၃)လမ်းဆုံမှ မန္တလေးအထိ ၃၅၂ မိုင် ခြောက်ဖာလုံကို Two Way, Two Lane ဖြင့် သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို သတ်မှတ်အမြန်နှုန်းဖြင့် လွတ်လပ်စွာ မောင်းနှင်နိုင်ရန်နှင့်

(၁) လက်ရှိ ရန်ကုန်-တောင်ငူ-မန္တလေးလမ်းသည် ကျေးရွာနှင့် မြို့နေ လူနေရပ်ကွက်များကို ဖြတ်သန်း ဖောက်လုပ်ထားခြင်းကြောင့် ဒေသယာဉ်သွားလာမှုများဖြင့် ရှုပ်ထွေးရောနှောနေပြီး ယာဉ်အန္တရာယ်များသည့်အတွက် လူနေရပ်ကွက်များကို ရှောင်ရှား၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့အကြား လွတ်လပ်စွာ သွားလာနိုင်သည့် မော်တော်ယာဉ်လမ်းသစ် တစ်ခု လိုအပ်ချက်ကို တည်ဆောက်ဖြည့်စွက်ပေးရန်။

(၂) မဖွံ့ဖြိုး မတိုးတက်သော ဒေသများကို မော်တော်ယာဉ်လမ်းသစ်တစ်ခု ဖြတ်သန်းတည်ဆောက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးမှု ရရှိလာပြီး လယ်ယာနှင့် သစ်တောထွက်ပစ္စည်းများ လွယ်ကူလျင်မြန်စွာဖြင့် ပိုမိုထုတ်လုပ်နိုင်မည် ဖြစ်သဖြင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုစေရန်။

(၃) ရန်ကုန်မြို့နှင့် မန္တလေးမြို့အကြား မော်တော်ယာဉ်များအတွက် သီးခြားလမ်း ဖောက်လုပ်ထားခြင်းဖြင့် ရန်ကုန်နှင့် မန္တလေးမြို့တို့ကို အချိန်အတိုဆုံးနှင့် ခရီးအတိုဆုံး ဖြင့် ဆက်သွယ်နိုင်သောလမ်းတစ်လမ်း ရရှိထားစေရန်။

(၄) လက်ရှိ ရန်ကုန် - မန္တလေး အဝေးပြေးလမ်း တည်ရှိနေပုံ အခြေအနေသည် တိုးတက်များပြားလာသော မော်တော်ယာဉ်များ မြန်နှုန်းမြင့် မောင်းနှင်နိုင်ရန်အတွက် နှစ်လမ်းမှ လေးလမ်း၊ လေးလမ်းမှ ရှစ်လမ်း အဆင့်ဆင့် တိုးတက်ပြုပြင်ရန် အခြေအနေ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-မန္တလေးလမ်းပိုင်း) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး၊ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ဒုတိယဝန်ကြီး ဦးတင့်ဆွေတို့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-မန္တလေးလမ်းပိုင်း) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုများ

ဖွံ့ဖြိုးတိုးတက်လာသော လူမှုစီးပွားဘဝများနှင့်အတူ တိုင်းရင်းသားညီနောင်များ အချင်းချင်း ရေကိုသား၍ အကြားမထင်သကဲ့သို့ ချစ်ခင်စည်းလုံးညီညွတ်မှုများ ပိုမိုတိုးပွားခိုင်မာ

နိုင်ငံတော်အစိုးရသည် ၁၉၈၈ ခုနှစ် နိုင်ငံ့တာဝန် စတင်ယူရချိန်မှစ၍ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို ဦးစားပေးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်လျက် အလေးပေးဆောင်ရွက်ခဲ့သည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် ထိုတိုင်းပြည်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုရှိရေးမှာ မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်ဟု အလေးအနက်ခံယူခဲ့သည်။ ထိုသို့ ခံယူသည့်အတိုင်း ယခင်ခေတ်အဆက်ဆက်နှင့် မတူသည့်မူဝါဒများ ပြောင်းလဲချမှတ်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုရရှိအောင် အစွမ်းကုန် ကြိုးပမ်းဖော်ဆောင်ခဲ့သည်။ မှန်ကန်ပျော့ပြောင်းသည့် သဘောထားရပ်တည်ချက်၊ ဖြူစင်သည့် စိတ်ရင်းစေတနာများကို အခြေခံပြီး ငြိမ်းချမ်းရေးကို လိုလိုလားလား ကမ်းလှမ်းစေ့စပ်ညှိနှိုင်းခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့နှင့် အဖွဲ့ငယ်ပေါင်း ၂၀ ကျော်တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြပြီး ငြိမ်းချမ်းရေးရယူတည်ဆောက်နိုင်ခဲ့ကြသည်။ ဤသည်မှာ ခေတ်အဆက်ဆက်မည်သည့်အစိုးရလက်ထက်ကမျှ အောင်မြင်အောင် မစွမ်းဆောင်နိုင်ခဲ့သည့် တိုင်းရင်းသားအရေးကို ယနေ့တပ်မတော်အစိုးရက အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်လည်း နိုင်ငံတော်၏ စေတနာနှင့် ချမှတ်ကျင့်သုံးလျက်ရှိသည့် အမျိုးသားရေးမူဝါဒများကို နားလည်လက်ခံယုံကြည်ပြီး ငြိမ်းချမ်းရေးရယူကာ မိမိနယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၊ ပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်လာခဲ့ကြသည်။ နိုင်ငံတော်အပိုင်းကလည်း တည်ငြိမ်အေးချမ်းမှုရရှိလာခဲ့သည့် ဒေသတိုင်းတွင် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ဘဏ္ဍာငွေအမြောက်အမြား ကျခံသုံးစွဲလျက် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။ ထို့ကြောင့်လည်း နှစ်ပေါင်း ၄၀ ကျော် နောက်ကျကျန်နေခဲ့သော အစွန်အဖျားနယ်စပ်ဒေသများအားလုံးသည် ယခုအခါ မြေပြန့်ဒေသနှင့် မခြား အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စည်ပင်လာခဲ့ပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် လူမှုစီးပွားဘဝများပါ ဘယ်ခေတ်ဘယ်အခါနှင့်မျှ မယှဉ်သာအောင် မြင့်မားတိုးတက်လာခဲ့သည်မှာ လက်တွေ့မျက်မြင်ပင်ဖြစ်သည်။

ယနေ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်လာမှုများသည် တစ်နိုင်ငံလုံး၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းလာခြင်းဖြစ်သည်။ သာယာလှပသည့် အနာဂတ်အတွက် တိုင်းရင်းသားညီနောင်များအားလုံး တပေါင်းတစည်းတည်း လက်တွဲရှင်သန်လာခြင်းဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်လာသော လူမှုစီးပွားဘဝများနှင့်အတူ တိုင်းရင်းသားညီနောင်များအချင်းချင်း ရေကိုသား၍ အကြားမထင်သကဲ့သို့ ချစ်ခင်စည်းလုံးညီညွတ်မှုများ တိုးပွားခိုင်မာလျက် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ အေးအတူပူအမျှ အတူတကွ လက်တွဲလျှောက်လှမ်းအောင်မြင်မှုပန်းတိုင် လှမ်းကိုင်နိုင်တော့မည်မှာ မုချဧကန်ပင် ဖြစ်ပေတော့သည်။

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုများ

စဉ်	အမျိုးအမည်	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	**ဖွံ့ဖြိုးရေးဒေသ**	ခု	-	၂၃	၂၃
၂	**လမ်းတံတားလုပ်ငန်းများ**				
	-မြေလမ်း	မိုင်	-	၄၃၉၇	၄၃၉၇
	-ကျောက်ခင်းလမ်း	မိုင်	-	၃၁၃၃	၃၁၃၃
	-ကတ္တရာလမ်း	မိုင်	-	၄၇၃	၄၇၃
	-လမ်းပြုပြင်ထိန်းသိမ်း	မိုင်	-	၃၅၈၇	၃၅၈၇
၃	**ပညာရေး**				
	-မူလတန်း	ကျောင်း	-	၈၈၈	၈၈၈
	-အလယ်တန်း	ကျောင်း	-	၉၂	၉၂
	-အထက်တန်း	ကျောင်း	-	၉၄	၉၄
၄	**ကျန်းမာရေး**				
	-ဆေးရုံ	ရုံ	-	၁၀၀	၁၀၀
	-ဆေးပေးခန်း	ခု	-	၉၆	၉၆
	-ကျေးလက်ကျန်းမာရေးဌာန	ခု	-	၉၄	၉၄
	-ကျေးလက်ကျန်းမာရေးဌာနခွဲ	ခု	-	၂၀၂	၂၀၂
၅	**စိုက်ပျိုးရေးလုပ်ငန်း**				
	-စိုက်ပျိုးရေးရုံး	ခု	-	၃၁	၃၁
	-စိုက်ပျိုးရေးစခန်း	ခု	-	၁၁၈	၁၁၈
	-တည်ဆောက်ပြီးဆည်	ခု	-	၆၃	၆၃
	-တူးမြောင်း	ခု	-	၅	၅
၆	**မွေးမြူရေးလုပ်ငန်း**				
	-မွေးမြူရေးခြံ	ခု	-	၂၀	၂၀
	-တိ/မွေး/ကုရုံး	ခု	-	၄၁	၄၁
	-နွား၊ မြည်း၊ သိုးဖြန့်ဖြူးခြင်း	ကောင်	-	၁၁၁	၁၁၁
၇	**လျှပ်စစ်စွမ်းအား**				
	-မီးစက်	ခု	-	၂၇၆	၂၇၆
	-မီးလင်းသည့်မြို့/ရွာ	ခု	-	၂၀၇	၂၀၇
	-ရေအားလျှပ်စစ် တည်ထောင်ပေးထားသည့်မြို့/ရွာ	ခု	-	၅၁	၅၁
၈	**ပြန်ကြားရေးလုပ်ငန်း**				
	-ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ	ရုံ	-	၁၁၃	၁၁၃
၉	**ဆက်သွယ်ရေးလုပ်ငန်း**				
	-စာတိုက်စခန်း	ခု	-	၅၄	၅၄
	-ကြေးနန်းရုံ	ခု	-	၄၇	၄၇
	-တယ်လီဖုန်းရုံ	ခု	-	၈၆	၈၆
၁၀	**ဖွံ့ဖြိုးရေးအတွက်သုံးစွဲမှု**				
	-နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ	ကျပ်သန်း	-	၁၂၇၂၈၆	၁၂၇၂၈၆
	-ဝန်ကြီးဌာနများမှ သုံးစွဲငွေ	ကျပ်သန်း	-	၂၁၄၂၃၃	၂၁၄၂၃၃

ကောင်းမှုလုံ ကြိုးတံတား

နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ကချင်ပြည်နယ် ပူတာအိုမြို့တွင် တည်ဆောက်ပေးထားသော ကောင်းမှုလုံကြိုးတံတား။

နည်းပညာတက္ကသိုလ် (လွိုင်ကော်)

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များအား လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရေး အတွက် နိုင်ငံတော်မှတည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် နည်းပညာတက္ကသိုလ် (လွိုင်ကော်)ကို ဤသို့ တွေ့ရသည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဆဲ/ဆောင်ရွက်မည့် စီမံကိန်းများ

စဉ်	အကြောင်းအရာ	တည်နေရာ	မှတ်ချက်
၁	မြို့ကြီးရေလှောင်တမံစီမံကိန်း	ရွာငံမြို့နယ်	အကျိုးပြုဧက ၃၀၀၀၀
၂	ကျိုင်းခမ်းရေလှောင်တမံစီမံကိန်း	ရပ်စောက်မြို့နယ်	-
၃	တာလီရေလွှဲဆည်	မိုးမောက်မြို့နယ်	အကျိုးပြုဧက ၃၄၈၆
၄	နမ့်ကျန်ရေလှောင်တမံ	လားရှိုးမြို့နယ်	အကျိုးပြုဧက ၁၇၉
၅	ထီဗွာရေလှောင်တမံ	တောင်ကြီးမြို့နယ်	အကျိုးပြုဧက ၇၀၀
၆	တာဆန်းရေအားလျှပ်စစ်စီမံကိန်း	မိုင်းပန်မြို့နယ်	၇၁၁၀ မဂ္ဂါဝပ်
၇	အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း	မိုင်းပန်မြို့နယ်	၅၁ မဂ္ဂါဝပ်
၈	ပင်းတောက်ရေလှောင်တမံ	ကျိုင်းတုံမြို့နယ်	အကျိုးပြုဧက ၂၀၀
၉	နမ့်မျှင်ရေလွှဲဆည်	သိန်းနီမြို့နယ်	အကျိုးပြုဧက ၂၅၀၀
၁၀	ကြာတိလင်ရေတားတမံ	သိန်းနီမြို့နယ်	အကျိုးပြုဧက ၅၀၀
၁၁	CDMA/GSM မိုဘိုင်းလ်တယ်လီဖုန်း	ကျိုင်းတုံမြို့နယ်	လိုင်း (၂၀၀) တိုးချဲ့ခြင်း
၁၂	အော်တိုတယ်လီဖုန်း	တာချီလိတ်မြို့နယ် ကတ်တောင်ကျေးရွာ	လိုင်း (၅၀၀) တိုးချဲ့ခြင်း
၁၃	အော်တိုအိတ်ချိန်း တည်ဆောက်ခြင်း	ကျိုင်းတုံမြို့နယ်	လိုင်း (၃၅၀)

တောင်ပေါ်နှင့်မြေပြန့် မခွဲခြားဘဲ ရုပ်မြင်သံကြား အစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ရန် ချင်းပြည်နယ် ဖလမ်းမြို့တွင် ရုပ်/သံ ထပ်ဆင့်လွှင့်စက်ရုံကို တည်ဆောက်ပေးထားသည်။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

ဒါးဆိပ်မြစ်ရေတင်

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာတွင် တည်ဆောက်ပေးထားသည့် ဒါးဆိပ်မြစ်ရေတင် စီမံကိန်းမှ ပတ်ဝန်းကျင်ကျေးရွာများအား စိုက်ပျိုးရေများ ပေးဝေလျက်ရှိသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)နေ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် ကျိုင်းတုံမြို့ရှိ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးကို သန့်ရှင်းသပ်ရပ်ခမ်းနားစွာ တွေ့ရစဉ်။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

မြန်မာတို့၏ လွတ်လပ်ရေးနှင့် မြန်မာတို့

လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ခန့်က တကောင်းထီးနန်းမြို့ တည်ခဲ့သည်။ တကောင်းမှသည် ကုန်းဘောင် (၁၁)ဆက် (နောက်ဆုံးရတနာပုံခေတ်)အထိ မြန်မာများ လွတ်လပ်ခဲ့ကြသည်။ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေနိုင်ခဲ့ကြသည်။ တိုင်းတစ်ပါးမှ နိုင်ငံခြားသား နယ်ချဲ့တို့ လက်အောက်ကျရောက်ခြင်းမရှိခဲ့။ ကျူးကျော်လာသမျှ တိုင်းရင်းသားစုံ မြန်မာတို့ လက်တွဲတွန်းလှန်ခဲ့သည်။

မြန်မာဘုရင်များ၏ အုပ်စိုးမှု(ဝါ) ပဒေသရာဇ်အုပ်ချုပ်ရေးဟူသည် ထိုခေတ် ထိုအခါက ကမ္ဘာနှင့်ချီပြီး ရှိနေခဲ့သော အလေ့အထအစဉ်အလာဖြစ်ခဲ့သည်။ သို့သော် မြန်မာချင်းအုပ်ချုပ်သောစနစ်ပင်ဖြစ်သည်။ မြန်မာဘုရင်များသည် မင်းကျင့်တရားဆယ်ပါး၊ သင်္ဂဟတရားလေးပါး၊ အပရိဟာနိယတရား ခုနစ်ပါးတို့နှင့်အညီ အုပ်ချုပ်ခဲ့ကြ၍ သာသနာတော်ထွန်းကားသည်။ စေတီပုထိုး လက်ညှိုးထိုးမလွဲ တည်ထားကိုးကွယ်ခဲ့ကြသည်။ စည်ပြောသံ တညံညံဖြင့် တစ်မူးရလျှင် တစ်ပဲ (ရသမျှ၏ထက်ဝက်) လှူခဲ့ကြသည်။

နိုင်ငံတည်ငြိမ်အေးချမ်းအောင်၊ ပြည်သူတို့စိတ်ဝမ်း ချမ်းမြေ့စွာ အသက်မွေးဝမ်းကျောင်းနိုင်အောင်၊ အမျိုးသား ယဉ်ကျေးမှု၊ အနုပညာရပ်များ ဖွံ့ဖြိုးတိုးတက်အောင်၊ ကျူးကျော်လာသမျှ ပြန်ဆုတ်ပြေးအောင် လက်ရုံးရည်၊ နှလုံးရည် သွေးစည်းညီညွတ်မှုတို့ဖြင့် စွမ်းဆောင်နိုင်ခဲ့သည်။ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် မြန်မာတို့ လွတ်လပ်၊ ထည်ဝါစွာ နေနိုင်ခဲ့ကြသည်။ မင်းရော ပြည်သူပါ သမိုင်းပေးတာဝန်ကျေပွန်ခဲ့ကြသည်။

ထိုခေတ် ထိုအခါက ကမ္ဘာ့အနောက်ခြမ်းတွင် စက်မှုတော်လှန်ရေးဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာခဲ့သည်။ ဤသို့ဖြင့် ကုန်ထုတ်လုပ်မှု အပါအဝင် ကာကွယ်ရေး၊ စစ်ရေးဘက်တွင်လည်း ခေတ်မီလက်နက် အသစ်အဆန်းများ ပေါ်ထွန်းလာသည်။ စက်မှုစီးပွားရေးဖွံ့ဖြိုးလာပြီး ခေတ်မီလက်နက်များ တပ်ဆင်နိုင်သော အနောက်စက်မှု အရင်းရှင်များသည် မတော်လောဘပါ ကြီးထွားလာပြီး လက်နက်အားကိုးဖြင့် ကမ္ဘာ့နိုင်ငံများကို ကျူးကျော်သိမ်းပိုက်ကာ ယင်းနိုင်ငံများမှ အဆီအနှစ်၊ သယံဇာတ နေဥစ္စာများ လုယက်သွေးစုပ်သော နယ်ချဲ့အဆင့်ရောက်လာကြသည်။

မြန်မာနိုင်ငံ ရတနာပုံခေတ်တွင် မြန်မာတို့ စက်မှုလုပ်ငန်းဘက် မျက်နှာမူလာသည်။ စက်ရုံအချို့ တည်နိုင်လာသည်။ နိုင်ငံကာကွယ်ရေးတွင် သတ္တိဗျတ္တိအရာ ပြောင်မြောက်သော တပ်မတော်၊ စစ်ဆင် စစ်တက် စစ်ဗျူဟာ အတတ်များ၌ ကျွမ်းသော တပ်မတော်၊ လက်ရုံးရည် နှလုံးရည် ပြည့်ဝသော တပ်မတော်ရှိသည်။ တပ်မတော် အင်အားကြီးမားသည်။ သို့သော် ခေတ်မီလက်နက်အရာ၌ အနောက်နယ်ချဲ့တို့နှင့် စာလျှင် အားနည်းခဲ့သည်။ ကနောင်မင်းသားကြီးက ရေမြှုပ်ဗုံး တီထွင်အောင်မြင်သော်လည်း ကန့်ကွက်မှုများရှိနေ၍ ရှေ့မတိုးနိုင်ခဲ့။ ထို့ကြောင့် အင်္ဂလိပ်နယ်ချဲ့တို့၏ ကျူးကျော်ရေးစစ်သင်္ဘောများ ဧရာဝတီမြစ်ကြောင်းအတိုင်း မန္တလေးရတနာပုံသို့ ခုတ်မောင်း ဆန်တက်လာသည်ကို မြစ်ကမ်းတစ်ဖက်တစ်ချက်မှ မြန်မာများ လက်ပိုက်လက်မှိုင်ချ ကြည့်နေခဲ့ရ၏။ ထိုခေတ်၏ တာဝန်မကျေမှုဟူ၍ ပြောစရာကား နန်းတွင်း၌ မညီညွတ်ခြင်း၊ ခေတ်မီစွမ်းရည်ဖြင့် တပ်မတော် မတည်ဆောက်နိုင်ခြင်းတို့သာရှိ၏။ နယ်ချဲ့ကျူးကျော်မှုကို တောင်ပေါ်မြေပြန့် တိုင်းရင်းသားမျိုးချစ်များ ရရာလက်နက်ဖြင့် သူ့ကျွန်မခံ အံ့ကြိတ်တွန်းလှန် တိုက်ခိုက်ခဲ့ကြရာ၌ကား နယ်ချဲ့မျက်လုံးပြူးလောက်အောင် အမျိုးသားကာကွယ်ရေးတာဝန် ကျေပွန်ကြ၏။

နယ်ချဲ့တို့ မြန်မာနိုင်ငံကို အပြီးအပိုင် ကျူးကျော်သိမ်းပိုက်သော ၁၈၈၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အတွင်း မြန်မာတို့၏ တာဝန် (သမိုင်းပေးတာဝန်၊ ဘဝပေးတာဝန်)ကား နယ်ချဲ့ကို တွန်းလှန်ပြီး မြန်မာ့လွတ်လပ်ရေး မြန်မာ့အချုပ်အခြာအာဏာကို ပြန်လည်ရယူရေးပင်ဖြစ်သည်။ နယ်ချဲ့သမားက လက်နက်အင်အားကြီးသည်။ မြန်မာအချင်းချင်းကို သွေးခွဲသည်။ ပုဆိန်ရိုး လက်ကိုင်တုတ်အလိုတော်ရိ လက်ပါးစေများ မွေးမြူအသုံးချကာ မြန်မာတို့အား ကျွန်သက်ရှည်ရန် ကလိမ်ကကျစ်၊ ညစ်ဉာဏ်တို့ကို ယုတ်မာကောက်ကျစ်စွာ သုံးခဲ့သည်။

သို့သော်လည်း မြန်မာတို့ သမိုင်းပေးတာဝန်(ဝါ) လွတ်လပ်ရေး ပြန်လည်ရရှိအောင် ကြိုးပမ်းမှုတာဝန် ကျေပွန်ခဲ့သည်။ အသက် သွေး ချွေး ရင်းခဲ့သည်။ မြန်မာတို့၏ လွတ်လပ်ရေးဆန္ဒနှင့် ကြိုးပမ်းမှု ဇွဲသတ္တိကြောင့် နယ်ချဲ့တို့က လွတ်လပ်ရေးပြန်ပေးရာ၌ပင် မြေပြန့်ဗမာများကိုသာ ကွက်ပေးပြီး တောင်ပေါ်ဒေသမှ တိုင်းရင်းသားများကို ကျွန်ဘဝတွင် ဆက်ထားရန်

ဦးပြေကျော်

ဝင်းတို့ သွေးခွဲမြောက်စားထားသည့် စော်ဘွားအချို့ကို အသုံးချကြိုးပမ်းခဲ့သည်။ သို့သော် ဗမာ၊ ရှမ်း၊ ကချင်၊ ချင်း၊ ကရင်စသည့် တိုင်းရင်းသားစုံမျိုးချစ်ခေါင်းဆောင်များက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံ၏ အထွတ်အထိပ်ဖြစ်သော ‘တိုင်းရင်းသားအားလုံး၏ လွတ်လပ်ရေး၊ မြန်မာတစ်နိုင်ငံလုံး တောင်ပေါ်မြေပြန့်ဒေသအားလုံး ပြည်ထောင်စုတစ်ခုလုံး၏ လွတ်လပ်ရေးကို အရယူရန် ဆုံးဖြတ်သန္နိဋ္ဌာန်ချသည့်’ ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြ၏။ ဤသို့ဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိကာ မြန်မာ့လွတ်လပ်ရေးကို တစ်ကမ္ဘာလုံး ကြားသိစေရန် ကြွေးကြော်ကြေညာခဲ့၏။

နယ်ချဲ့သမားဟူရာ၌ နိုင်ငံများကို လက်နက်အားကိုး၊ ညစ်ပလီဉာဏ်အားကိုးဖြင့် ကျူးကျော်တိုက်ခိုက်သိမ်းပိုက်သော နယ်ချဲ့ပုံစံဟောင်း၊ နယ်ချဲ့လက်ဟောင်းက တစ်မျိုးဖြစ်သည်။ ယခုအခါ ကမ္ဘာ့ပြည်သူတို့၏ ဆန္ဒသဘောထား၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ပဋိညာဉ်စာချုပ် အနှစ်သာရတို့အရ ကမ္ဘာ့လူသားအားလုံး၊ နိုင်ငံအားလုံး လွတ်လပ်ခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ရှိနေရပေမည်။ သို့သော် လူသားစားဖူးသည့် ကျားပမာ သူတစ်ပါးနိုင်ငံမှ သယံဇာတ၊ ထွက်ကုန်မှန်သမျှ လုယက်ဝါးမျို ချမ်းသာကြွယ်ဝလာသည့် နယ်ချဲ့အရသာ၊ ကိုလိုနီသားစားဖူးသည့်အရသာကို အာသာမဖြတ်နိုင်၊ မိမိတို့နိုင်ငံ ရိုးသားစင်ကြယ်စွာ သမ္မာအာဇီဝဖြင့် ချမ်းသာအောင် မလုပ်နိုင်ကြသော နယ်ချဲ့လက်ဟောင်းများသည် ကိုလိုနီလက်သစ်ဝါဒဖော်စပ်ကာ နိုင်ငံများကို အလွယ်တကူ ခြယ်လှယ်သွေးစုပ်၊ ဗိုလ်ကျစိုးမိုးနိုင်မည့် နည်းလမ်းသစ်များဖြင့် ကောက်ကျစ်ယုတ်မာလာကြပြန်ပေသည်။

ဤတွင် လွတ်လပ်သော ဖွံ့ဖြိုးဆဲနိုင်ငံများသည် အမျိုးသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအောင် တည်ဆောက်၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးအောင် ကြိုးပမ်း၊ စွမ်းရည်မြင့် ခေတ်မီတပ်မတော် (ဝါ) အမျိုးသားကာကွယ်ရေးအင်အားစုများ တိုးချဲ့တည်ဆောက်လာရပေသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးစမှာပင် နယ်ချဲ့သွေးခွဲမှု၊ ပြည်ပမှတင်သွင်းလာသော ဝါဒကွဲမျိုးစုံ၏ ဖိစီးမှု၊ နိုင်ငံရေးသမားတို့၏ ကိုယ်ကျိုးအတ္တအဓိက အာဏာရရှိရေး ပဓာနထားမှုတို့ကြောင့် လွတ်လပ်ရေးပြန်လည်ဆုံးရှုံးလုလု၊ ပြည်ထောင်စုကြီး ပြိုကွဲလုလု အနေအထား အကြိမ်ကြိမ်ကြုံခဲ့ရသည်။ ပြည်တွင်းရောင်စုံသောင်းကျန်းမှု (ဝါ) ဝါဒပြိုင်၊ အာဏာလု၊ အချင်းချင်းကွဲပြဲ၊ လက်နက်ကိုင် အလဲထိုးရင်း ပြည်သူတို့၏ အသက်အိုးအိမ်များကိုပင် ထိပါးပျက်စီးစေသည့် သောင်းကျန်းမှု စစ်မီးကြီး မွှေးခဲ့ကြသည်။ ရေမြေသဘာဝ သယံဇာတ ပေါကြွယ်ပါလျက် ပြည်တွင်းစစ်ဒဏ် မရှုမလှ ခံနေကြရသောကြောင့် လွတ်လပ်ရေးအရသာဆိုတာ ချိုသလား၊ ဆိမ့်သလား မြန်မာတို့မသိ။ ခါး၊ ချဉ်၊ ငံ၊ စပ်သော ပြည်တွင်းသောင်းကျန်းမှု အရသာကိုသာ ဆယ်စုနှစ်ပေါင်းများစွာ လှိမ့်ခံနေခဲ့ရပေသည်။

ပြည်တွင်းသောင်းကျန်းမှုစစ်မီး ငြိမ်းသတ်ကာ နိုင်ငံတည်ငြိမ်အေးချမ်းစေမည့် ပြည်တွင်းငြိမ်းချမ်းရေး (ဝါ) ဆူပူသောင်းကျန်းမှုများကို ချုပ်ငြိမ်းစေရန် ဖဆပလ ပါလီမန်ဒီမိုကရေစီအစိုးရလက်ထက်က အကြိမ်ကြိမ် ကြိုးစားခဲ့သည်။ လက်တွေ့၌ မအောင်မြင်ချေ။ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဆိုရှယ်လစ်ဒီမိုကရေစီ အစိုးရကလည်း အကြိမ်ကြိမ် အကြီးအကျယ်ကြိုးစားခဲ့သည်။ မအောင်မြင်သည့်အပြင် သောင်းကျန်းသူအဖွဲ့အစည်းများပင် တိုးပွားလာခဲ့သည်။

၁၉၈၈ ခုနှစ် နှောင်းပိုင်းမှစတင်ပြီး နိုင်ငံ့တာဝန်ကို လွှဲပြောင်းယူခဲ့ရသည့် တပ်မတော်အစိုးရ (နဝတ+နယက)က ရှစ်လေးလုံး တိုင်းဆူပြည်ဖျက်မင်းမဲ့လုပ်ရပ်ကြီးကြောင့် ကသောင်းကနင်းဖြစ်နေသည့် မြန်မာပြည်ထောင်စုကြီးကို ပြန်လည်တည်ငြိမ်အောင်၊ ဥပဒေစိုးမိုးပြီး ရပ်ရွာအေးချမ်းသာယာအောင် ဦးစွာဆောင်ရွက်ပြီး နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား၊ဆည်တမံ၊ မြစ်ရေတင်စီမံကိန်း၊စက်မှုဇုန်၊ စက်မှုလယ်ယာ၊ အခြေခံပညာကျောင်း၊ တက္ကသိုလ်ကောလိပ် ကျောင်းသစ်၊ ဆေးရုံဆေးခန်းသစ်၊ ဈေးကွက်စီးပွားရေးစနစ်တို့ကို ချမှတ်ခင်းကျင်းတိုးချဲ့ တည်ဆောက်ပေးခဲ့သည်။ ယခင်အစိုးရများ လက်ထက် မအောင်မြင်ခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေးကို တပ်မတော်အစိုးရ လက်ထက်တွင် အောင်မြင်စွာ ရယူပေးနိုင်ခဲ့သည်။ ပြည်တွင်းသောင်းကျန်းမှုစစ်မီးကို ငြိမ်းသတ်ပေးနိုင်ခဲ့သဖြင့် ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းသာယာလာခဲ့သည်။



(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

- ★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ★ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။
- ★ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ★ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုး တိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။
- ★ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာန ကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

…င့် မြန်မာတို့၏ တာဝန်

…ချို့ကို အသုံးချကြိုးပမ်းခဲ့
…စသည့် တိုင်းရင်းသားစုံ
…ဝါရီလ ၁၂ ရက်နေ့တွင်
…ိုင်းရင်းသားအားလုံး၏
…ါ် မြေပြန့်ဒေသအားလုံး
…ရန် ဆုံးဖြတ်သန္နိဋ္ဌာန်ချ
…၏။ ဤသို့ဖြင့် ၁၉၄၈
…အချုပ်အခြာအာဏာပိုင်
…ရောက်ရှိကာ မြန်မာ့
…ကွဲကြော်ကြေညာခဲ့၏။
…အားကိုး၊ ညစ်ပလီဉာဏ်
…ယ်ချဲ့ပုံစံဟောင်း၊ နယ်ချဲ့
…မွှားပြည်သူတို့၏ ဆန္ဒ
…ဉ်စာချုပ် အနှစ်သာရတို့
…ပ်ခွင့်၊ ကိုယ့်ကြမ္မာကိုယ်
…ည့် ကျားပမာ သူတစ်ပါး
…မျို ချမ်းသာကြွယ်ဝလာ
…ရသာကို အာသာမဖြတ်
…င့် ချမ်းသာအောင် မလုပ်
…လက်သစ်ဝါဒဖော်စပ်ကာ
…ချုစိုးမိုးနိုင်မည့် နည်းလမ်း
…ည်။
…ည် အမျိုးသားစည်းလုံး
…စီးပွားရေး ဖွံ့ဖြိုးအောင်
…အမျိုးသားကာကွယ်ရေး
…။
…နယ်ချဲ့သွေးခွဲမှု၊ ပြည်ပမှ
…ေးသမားတို့၏ ကိုယ်ကျိုး
… င့် လွတ်လပ်ရေးပြန်လည်
…သား အကြိမ်ကြိမ်ကြုံခဲ့ရ
… အာဏာလု၊ အချင်းချင်း
…သက်အိုးအိမ်များကိုပင်
… မွှေးခဲ့ကြသည်။ ရေမြေ
…ဒဏ် မရှုမလှ ခံနေကြရ
…း၊ ဆိမ့်သလား မြန်မာတို့
…ကျန်းမှု အရသာကိုသာ
… နိုင်ငံတည်ငြိမ်အေးချမ်း
…းမှုများကို ချုပ်ငြိမ်းစေရန်
… အကြိမ်ကြိမ် ကြိုးစားခဲ့
…ရေးကောင်စီနှင့် မြန်မာ့
… အစိုးရကလည်း အကြိမ်
…သို့အပြင် သောင်းကျန်းသူ
…ဝန်ကို လွှဲပြောင်းယူခဲ့ရ
…လုံး တိုင်းဆူပြည်ဖျက်
…့ မြန်မာပြည်ထောင်စုကြီး
… အေးချမ်းသာယာအောင်
…းတိုးတက်ရေး အခြေခံ
…ည်တမံ၊ မြစ်ရေတင်
…ကျောင်း၊ တက္ကသိုလ်
…တွက်စီးပွားရေးစနစ်တို့ကို
…င်အစိုးရများ လက်ထက်
…တော်အစိုးရ လက်ထက်
… သောင်းကျန်းမှုစစ်မီးကို
…း ငြိမ်းချမ်းသာယာလာ

နိုင်ငံတွင် မရှိမဖြစ်လိုအပ်သော၊ ပြည်သူ နိုင်ငံသားတို့မှ ဆင်းသက်သည့် အချုပ်အခြာအာဏာရပ်ကြီးကို ပြည်သူ့အကျိုး၊ ပြည်သူ့ဆန္ဒနှင့် အညီ ကျင့်သုံးရမည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ပေးမည်ဖြစ်သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ပေါ်ထွန်းစေခဲ့သည်။ ပြည်သူ့ကိုယ်စားလှယ် တစ်ထောင်ကျော်တက်ရောက်သည့် အမျိုးသားညီလာခံက ချမှတ်ပေးသည့် မူများဖြင့် အခြေခံဥပဒေသစ်ကို ရေးဆွဲခဲ့ရာ ပြည်သူတိုင်းရင်းသား မဲဆန္ဒရှင် ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း၏ ထောက်ခံမဲဖြင့် အတည်ပြုခဲ့ပြီးဖြစ်သည်။ အခြေခံဥပဒေသစ်နှင့်အညီ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၇ ရက်နေ့တွင် ပြည်ထောင်စုတစ်ဝန်း၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ အောင်မြင်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၄ ရက် (၆၃)နှစ်မြောက် မြန်မာ့ လွတ်လပ်ရေးနေ့ အခမ်းအနားသည် တပ်မတော်အစိုးရ (ဝါ) နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအနေဖြင့် နောက်ဆုံး ကျင်းပသော လွတ်လပ်ရေးနေ့အခမ်းအနား ဖြစ်ပေသည်။

တပ်မတော်အစိုးရ၏ ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူများသို့ ပေးအပ်မည့် လွတ်လပ်ရေးနေ့လက်ဆောင်မွန်ကား ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်ခြင်း၊ ပေါ်ထွန်းလာမည့် အစိုးရသစ်က နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ဧကန် မုချလိုအပ်သည့် စီးပွားရေးအခြေခံအဆောက်အအုံများ ဘက်စုံတည် ဆောက်ပေးနိုင်ခြင်း၊ ဒီမိုကရေစီနိုင်ငံတော် အထွတ်အထိပ်သို့ တက်လှမ်းနိုင် မည့် ဒီမိုကရေစီအခင်းအကျင်းများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနည်းကျ ပြည်ထောင်စုလွှတ်တော်ကြီးတို့ပင် ဖြစ်ပေသည်။ ၂၀၁၁ ခုနှစ် အစောပိုင်းမှာပင် ပြည်သူတို့ ရွေးကောက်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များက ပြည်နယ်လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် (နှစ်ရပ်ပေါင်းလွှတ်တော် ၁၄ ရပ်)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ခြောက်ခု အတွက် ဦးစီးအဖွဲ့ခြောက်ရပ်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ယင်းလွှတ်တော်နှစ်ရပ်ပေါင်း၏ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ ကျင်းပကြတော့မည်။ အခြေခံဥပဒေသစ်ကို စတင်အကောင်အထည်ဖော်ကြ တော့မည်။ ဒီမိုကရေစီလမ်းပြမြေပုံခေါ် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇)ရပ်အနက် ပဉ္စမလမ်းစဉ်ဖြစ်သော ရွေးကောက်ပွဲကြီး အောင်မြင်ခဲ့ပြီဖြစ်သည်။ ဆဋ္ဌမလမ်းစဉ်ဖြစ်သော အုပ်ချုပ်ရေးအာဏာကို တာဝန်ယူကျင့်သုံးမည့် နိုင်ငံတော်သမ္မတကြီးဦးဆောင်သော အစိုးရအဖွဲ့သစ် ပေါ်ထွန်းတော့မည်။ ပြည်ထောင်စုလွှတ်တော်နှင့် လွှတ်တော်အသီးသီးက ဥပဒေပြုကြ၊ နိုင်ငံ့အရေးအရာ စီမံကြတော့မည်။ ဤသို့ဖြင့်၂၀၁၁ ခုနှစ် ဦးပိုင်းမှာပင် ဆဋ္ဌမမြောက်လမ်းစဉ် အကောင်အထည်ပေါ်တော့မည်။

နိုင်ငံတော်ကြီးကို ရှစ်လေးလုံးဆူပူမှုလွန် ကာလတစ်လျှောက် တည်ငြိမ်အောင်၊ ငြိမ်းချမ်းအောင်၊ ဖွံ့ဖြိုးအောင်၊ ဒီမိုကရေစီခြေလှမ်းများ တစ်လှမ်းပြီးတစ်လှမ်း ပေါက်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ရာ၌ အမျိုးသားကာကွယ်ရေးတာဝန်ယူထားသည့် တပ်မတော်နှင့် ပြည်ထောင်စု စိတ်ဓာတ်ခိုင်မာလျက်ရှိသည့် တိုင်းရင်းသားပြည်သူတို့ လက်တွဲညီညီရှိခဲ့ကြ သည်။ ယင်းလုပ်ငန်း အောင်မြင်မှုရလဒ်များကို လွယ်လွယ်ကူကူဖြင့် ရကြ သည်မဟုတ်။ ပြည်တွင်း ပြည်ပ၊ မြေပေါ် မြေအောက်၊ လက်ဝဲ လက်ယာ အဖျက်သမားမျိုးစုံ၏ နှောင့်ယှက်ဖျက်ဆီးနေမှု၊ ပြည်ပကိုလိုနီနယ်ချဲ့လက်သစ် အုပ်စု၏ ပိတ်ဆို့၊ ဟန့်တား၊ ဖိအားပေး နှောင့်ယှက်မှုများကို ရင်ဆိုင် ကျော်လွှားပြီးမှ အောင်မြင်မှုများ ရယူခဲ့ခြင်းဖြစ်သည်။

၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်ကာလအတွင်း မြန်မာတို့၏ သမိုင်းပေး တာဝန်ကား တိုင်းရင်းသားစည်းလုံးညီညွတ်မှုခွန်အားဖြင့် မြန်မာ့ လွတ်လပ်ရေး (ဝါ) အချုပ်အခြာအာဏာကိုလည်းကောင်း၊ တိုင်းရင်းသားစုံတို့ နှလုံးသွေးဖြင့် တည်ဆောက်ခဲ့သော ပြည်ထောင်စုကြီးကို လည်းကောင်း၊ မပြိုကွဲမဆုံးရှုံးစေရေးတာဝန်များပင် ဖြစ်ပေသည်။ ကိုယ်ကျိုးသက်သက် အဓိကထားသော နိုင်ငံရေးသမားတို့က ပြည်ထောင်စုကြီးနှင့် လွတ်လပ်ရေးကို အန္တရာယ်ပြုသမျှ တိုင်းရင်းသားပြည်သူနှင့် တပ်မတော်တို့က လက်တွဲ ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ သမိုင်းပေးတာဝန် ကျေပွန်ခဲ့ကြသည်။

၁၉၈၈ ခုနှစ်မှ ၂၀၁၀၊ ၂၀၁၁ ခုနှစ်အထိ မြန်မာတို့၏ သမိုင်းပေးတာဝန် ကား နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက် ရေး၊ စီးပွားရေးအခြေခံအဆောက်အအုံများ လက်တွဲညီညီ တည်ဆောက်ရေး၊ ဒီမိုကရေစီတည်ဆောက်ရေးလုပ်ငန်းစဉ်များ တစ်ခုပြီး တစ်ခု အောင်မြင်စွာ တည်ဆောက်အကောင်အထည်ဖော်ရေးနှင့် ပြည်တွင်းရန်များကို ဇာတိသွေး၊ ဇာတိမာန်ဖြင့် တွန်းလှန်ဖြိုဖျက်ရေးတို့ဖြစ်သည်။ ထိုတာဝန်များကိုလည်း မြန်မာတို့ ကျေပွန်ခဲ့ပေသည်။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့မှ ရှေ့အနာဂတ်ကာလတစ်လျှောက် မြန်မာတို့ ထမ်းဆောင်သွားရမည့် အမျိုးသားရေးတာဝန် (ဝါ) သမိုင်းပေး တာဝန်၊ လွတ်လပ်ရေးတာဝန်ကား တိုင်းရင်းသားစည်းလုံးညီညွတ်မှုခွန်အား၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် (ဝါ) ပြည်ထောင်စုစိတ်ဓာတ်အင်အား၊ ခေတ်မီ စွမ်းရည်မြင့် အမျိုးသားကာကွယ်ရေး စွမ်းပကားတို့ဖြင့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုး၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို အရှိန် အဟုန်ဖြင့် တည်ဆောက်ကာ လွတ်လပ်ရေးအရသာ၊ ဒီမိုကရေစီစစ်စစ် အရသာ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအရသာ ပြည်ထောင်စုအသီးအပွင့် များကို မြိန်မြိန်ရှက်ရှက် ခံစားနိုင်ရေးပင်ဖြစ်ပေသတည်း။ ။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့မှ ရှေ့အနာဂတ်ကာလတစ်လျှောက် မြန်မာတို့ ထမ်းဆောင်သွားရမည့် အမျိုးသားရေးတာဝန် (ဝါ) သမိုင်းပေးတာဝန်၊ လွတ်လပ်ရေးတာဝန်ကား တိုင်းရင်းသား စည်းလုံးညီညွတ်မှုခွန်အား၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် (ဝါ) ပြည်ထောင်စုစိတ်ဓာတ်အင်အား၊ ခေတ်မီ စွမ်းရည်မြင့် အမျိုးသားကာကွယ်ရေး စွမ်းပကားတို့ဖြင့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုး၍ စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို အရှိန်အဟုန်ဖြင့် တည်ဆောက်ကာ လွတ်လပ်ရေးအရသာ၊ ဒီမိုကရေစီစစ်စစ် အရသာ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအရသာ ပြည်ထောင်စုအသီးအပွင့်များကို မြိန်မြိန်ရှက်ရှက် ခံစားနိုင်ရေးပင်ဖြစ်။

လွတ်လပ်ရေးအဓိဋ္ဌာန် ဇာတိမာန်

★ သူငယ်ချင်း ...
မင်းလည်းအသိ ငါလည်းသိသည်
ကိုယ့်ပြည်ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့်
သက်တမ်းရာထောင် ညီနောင်တို့များ
တိုင်းကားပြည်ရွာ ထည်ထည်ဝါဖြင့်
ကမ္ဘာအလယ် တင့်တယ်လှစွာ
ရပ်တည်လာခဲ့ ...
သာကီမျိုးဟော့ ဒို့မြန်မာ။

★ သူငယ်ချင်း ...
မင်းတို့ငါတို့ တိုင်းမြို့ပြည်ရွာ
ချုပ်ခြာအာဏာ ပျက်ရာပျက်ကြောင်း
မကောင်းကျွန်ပြု နယ်ချဲ့မှုကို
သူ့ကျွန်မခံ ဒို့တွန်းလှန်ကာ
ခိုင်မာစိတ်ဓာတ် အားမာန်ခဲလျက်
အသက်သွေးချွေး ရင်းနှီးပေး၍
လွတ်ရေးချုပ်ခြာ ပြည့်အာဏာကို
မြန်မာပြည်သား ...
ဒို့များတူတူ အောင်ဆုယူ။

★ သူငယ်ချင်း ...
မင်းတို့ ငါတို့ နေရာဌာနီ
ဒို့မြန်ပြည်ကို မလိုရန်ဖွား
မပြုပြားတည့်၊ အမျိုးသားစရိုက်
တစိုက်စိုက်စွဲ စဉ်မြဲထိန်းကာ
မြန်မာစိတ်ဓာတ် အကျင့်မြတ်၍
လွတ်လပ်ရေးနှင့် ပြည်ရေးချုပ်ခြာ
အာဏာတည်မှု ဤတစ်ခုမူ
မည်သူကျူးကျော် စော်ကားမခံ
အားမာန်ဇွဲနှင့် လက်တွဲခုခံ
ဒို့တွန်းလှန်မည် ...
မြန်မာပြည်သား ဒို့စိတ်ထား။

(၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ဖိုးရန်နိုင်(ကျောက်ကြီး)

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းတံတားလုပ်ငန်းများကို တည်ဆောက်လျက်ရှိရာ၌ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ၁၉၈၈ ခုနှစ် မတိုင်မီက လမ်းအရှည်မိုင် ၁၃၆၃၅ မိုင် ရှိခဲ့ရာမှ ယခုဆိုလျှင် ၂၁၃၆၁ မိုင် နှစ်ဖာလုံ ရှိလာပြီဖြစ်သည့်အတွက် ၇၇၂၆ မိုင် နှစ်ဖာလုံ တိုးတက်ဆောင်ရွက်နိုင်ခဲ့။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး(နေပြည်တော်-မန္တလေးလမ်းပိုင်း)တွင် ဖြတ်သန်းကြည့်ရှုစဉ်။ (သတင်းစဉ်)

❀ **စာမျက်နှာ ၅ မှ**

မပေး၍ အခြေအနေပေးသော လမ်းကြောင်းအသစ် ဖော်ထုတ်ရန်။

(၅) နိုင်ငံတော် ကာကွယ်ရေး၊ လူမှုရေးနှင့် စီးပွားရေးစီမံကိန်းများကို တိုက်ရိုက်အထောက်အကူပြုစေရန်

စသည့် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့ကြောင်း။

လမ်းတစ်လျှောက် လမ်းအူကြောင်းရှာရာတွင် အကွေ့အကောက် အနည်းဆုံးနှင့် အဖြောင့်ဆုံးဖြစ်အောင်၊ ဖြတ်မြေ၊ ဖို့မြေ အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ထားကြောင်း၊ လမ်းအောက်ခံမြေကို C.B.R တန်ဖိုး ခြောက်ရာခိုင်နှုန်းရှိသောမြေကို အသုံးပြုတည်ဆောက်ရခြင်းဖြစ်သည့်အတွက် C.B.R တန်ဖိုးခြောက်ရာခိုင်နှုန်းရှိသည့် မြေများကို ရှာဖွေစမ်းသပ်အသုံးပြုထားကြောင်း၊ ဖို့မြေနှင့်ပတ်သက်၍ လမ်းတာပေါင်များ ခိုင်ခံ့စေရန် သတ်မှတ်လျှောစောင်းများ၊ သတ်မှတ်လှေကားထစ် လမ်းတာပေါင်များ ရရှိအောင် ပုံစံထုတ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

လမ်းတစ်လျှောက် လမ်းသားအထူအောက်ခံကွန်ကရစ်လွှာ ခြောက်လက်မ၊ မျက်နှာပြင်ကွန်ကရစ်လွှာ ၁၂ လက်မဖြင့် တည်ဆောက်ထားပြီး သတ်မှတ်ကွန်ကရစ်အင်အားရရှိအောင် ကွန်ကရစ်အရောပုံစံများကို စမ်းသပ်ပုံစံထုတ်ပြီး တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ယာဉ်မောင်းသူများအတွက် အန္တရာယ်ကင်းကင်းဖြင့် သတ်မှတ်မိုင်နှုန်း မောင်းနိုင်အောင်လည်း ယခုအမြန်လမ်းမကြီးကို အာဆီယံ စံချိန်စံညွှန်းများ၊ နိုင်ငံတကာအဆင့်မီ ပုံစံများဖြင့် ထုတ်ယူတည်ဆောက်ထားကြောင်း။

လမ်းပိုင်းအနေဖြင့် တစ်ဖက် ၂၅ ပေအကျယ်၊ နှစ်လမ်းသွား ကွန်ကရစ်လမ်းဖြစ်ပြီး လမ်းလယ်ကျွန်း ပေ ၃၀ အကျယ်ရှိပါကြောင်း။

ယနေ့ ဖွင့်လှစ်သည့် အမြန်လမ်းမကြီးပေါ်တွင် နေ့စဉ် ယာဉ်စီးရေ ၅၀၀၀ ခန့် သွားလာနေသည့် လမ်းဖြစ်သည့်အတွက် အခုဆိုလျှင် ရန်ကုန်မှ မန္တလေးအထိ အချိန်တိုအတွင်းသွားလာနိုင်ပြီး ဆက်လက်ပြီး ယာဉ်စီးရေ ယခုထက်ပိုမိုများပြားစွာသွားလာကြတော့မည်ဖြစ်ကြောင်း။

၁၀-၁၂-၂၀၁၀ ရက် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၃) သင်တန်းဆင်းပွဲအခမ်းအနား၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "နိုင်ငံတော်ကို တည်ဆောက်ရာမှာ ဒေသအားလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားချင်း ချစ်ကြည်ရိုင်းပင်းရေးနဲ့ ဖွံ့ဖြိုးမှုနောက်ကျခဲ့တဲ့နယ်စပ်ဒေသတွေ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် လမ်းပန်းဆက်သွယ်ရေးကို ဦးစားပေးတည်ဆောက်ခဲ့ရကြောင်း" လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းတံတားလုပ်ငန်းများကို တည်ဆောက်လျက်ရှိရာ၌ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ၁၉၈၈ ခုနှစ် မတိုင်မီက လမ်းအရှည်မိုင် ၁၃၆၃၅ မိုင် ရှိခဲ့ရာမှ ယခုဆိုလျှင် ၂၁၃၆၁ မိုင် နှစ်ဖာလုံ ရှိလာပြီဖြစ်သည့်အတွက် ၇၇၂၆ မိုင် နှစ်ဖာလုံ တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်မှ ယနေ့ထိ ပေ ၁၀၀နှင့် ပေ ၁၈၀ အကြား တံတားပေါင်း ၂၉၄၃ စင်းနှင့် ပေ ၁၈၀ အထက်တံတားကြီး ၂၅၁ စင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး၊ ပေ ၁၈၀ အထက်တံတား ၆၇ စင်း တည်ဆောက်နေဆဲဖြစ်ပါကြောင်း၊ ယခု ဧရာဝတီမြစ်ကူး တံတားကြီး ငါးစင်း တည်ဆောက်လျက်ရှိရာတွင် နှစ်လမ်းသွား ကားလမ်းနှင့် ရထားလမ်း ပူးတွဲတံတားကြီး လေးစင်းနှင့် နှစ်လမ်းသွား ကားလမ်းသက်သက် တံတားကြီး တစ်စင်း တည်ဆောက်နေကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ဖွင့်လှစ်သည့် အမြန်လမ်းမကြီး စံချိန်စံညွှန်းမီမီ ရေရှည်တည်တံ့ခိုင်မြဲအောင် သတ်မှတ်ဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးသွားကြပါဟု တိုက်တွန်းရင်း ဤလမ်းကြီး ပြီးမြောက်အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်- မန္တလေးလမ်းပိုင်း) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် မင်္ဂလာမုခ်ဦးသို့ သွားရောက်နေရာယူကြသည်။ ယင်းနောက် ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး ဖွင့်ပွဲအခမ်းအနားကို မင်္ဂလာမုခ်ဦးရှေ့၌ ဆက်လက်ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းတို့က ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေး လမ်းပိုင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ စီမံကိန်းအင်ဂျင်နီယာ၊ အင်ဂျင်နီယာမှူးများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ရန်အတွက် သတ်မှတ်နေရာသို့ သွားရောက်နေရာယူကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် အမြန်လမ်းမကြီး၏ ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း) ပေါ်သို့ ဖြတ်သန်းကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး(နေပြည်တော်- မန္တလေးလမ်းပိုင်း) ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

အလားတူ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း)ဖွင့်ပွဲ အခမ်းအနားကို နံနက် ၆ နာရီခွဲတွင် အဆိုပါ အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၃၅၂/၆) တံတားဦးမြို့ စကားအင်းလမ်းဆုံရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး တက်ရောက်၍ အမှာစကားပြောကြားပြီး (နေပြည်တော် - မန္တလေးလမ်းပိုင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့၊ ကျောက်ဆည် ဆင်ကအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးက အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးတင့်ဆွေက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ (နေပြည်တော်-မန္တလေးလမ်းပိုင်း) တည်ဆောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့မှ အင်ဂျင်နီယာများအား လမ်းမကြီး ဖောက်လုပ်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့မှုများအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် အမြန်လမ်းမကြီးဖွင့်ပွဲအခမ်းအနားကို မုခ်ဦးရှေ့၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး၊ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဒုတိယဝန်ကြီး ဦးတင့်ဆွေတို့က အမြန်လမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲမုခ်ဦးရှေ့၌ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးနှင့် အဖွဲ့ဝင်များသည် အမြန်လမ်းမကြီးကို ကြည့်ရှုစစ်ဆေးပြီး လမ်းအသုံးပြုခ ကောက်ခံရေးစခန်းနှင့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖

❖ စာမျက်နှာ ၁၀ မှ
ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးကာ ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဖဲကြိုးဖြတ်

ထို့အတူ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း) ဖွင့်ပွဲအခမ်းအနားကို နံနက် ၇ နာရီ ၅ မိနစ်တွင် မိတ္ထီလာမြို့နယ် သီးကုန်းကျေးရွာအနီး မိုင်တိုင်အမှတ်(၂၈၄)ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားပြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ မိတ္ထီလာတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းလွင်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင်က အမှာစကား ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော် - မန္တလေးလမ်းပိုင်း) တည်ဆောက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံကိန်းအင်ဂျင်နီယာက စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဗိုလ်မှူးချုပ်သန်းလွင်တို့ထံ ဖွင့်ပွဲအထိမ်းအမှတ်အလံနှင့် အထိမ်းအမှတ်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ ယင်းနောက် စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် မိတ္ထီလာတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းလွင်တို့က မင်္ဂလာအချိန်တွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေး လမ်းပိုင်း) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် အဖွဲ့ဝင်များသည် တာဝန်ရှိသူများနှင့်အတူ မှန်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် အဖွဲ့ဝင်များသည် အမြန်လမ်းမကြီး အခြေအနေ၊ လမ်းအသုံးပြုခ ကောက်ခံရေးစခန်းနှင့် ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးကာ ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယခုဖွင့်လှစ်လိုက်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-မန္တလေးလမ်းပိုင်း)ကို ယနေ့မှစ၍ အသုံးပြုသွားလာနိုင်မည်ဖြစ်သဖြင့် ရန်ကုန်မှ မန္တလေးအထိ အမြန်လမ်းမကြီးအတိုင်း တိုက်ရိုက် သွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ မိတ္ထီလာတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းလွင်တို့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း) ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်များပေါ်ရှိ ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

အာဆီယံ စံချိန်စံညွှန်းများ၊ နိုင်ငံတကာ အဆင့်မီပုံစံများဖြင့် တည်ဆောက်ထားသည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-မန္တလေး လမ်းပိုင်း)တစ်နေရာကို တွေ့ရစဉ်။
(သတင်းစဉ်)

❖ အမြန်လမ်းမကြီးတစ်လျှောက် Box Culvert ၄၂ စင်း ဆောက်လုပ်ခဲ့ရသည့်နည်းတူ အမြန်လမ်းမကြီးအနီး ကျေးရွာများအချင်းချင်း ဆက်သွယ်သွားလာနိုင်ရေးအတွက် Under Pass ၁၁၆ စင်းတို့ကို စီမံဆောင်ရွက်ထား။

ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဟန့်တားတိုက်ဖျက်ရေးစာအုပ် ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၉

ရေဆင်းသစ်တောတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည် (အမျိုးသားစာပေဆုရ စာရေးဆရာဝင်းချစ်)၏ "ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဟန့်တားတိုက်ဖျက်ရေး" စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ယင်းစာအုပ်တွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ ဖြစ်ပေါ်ရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည့် မှန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်မှု များပြားလာခြင်း၏အကြောင်းကို နောက်ခံသမိုင်းကြောင်းမှစ၍ ရေးသားထားသည်။ မှန်လုံအိမ်ဓာတ်ငွေ့များ၊ အိုဇုန်းလွှာစသည်တို့၏အကြောင်းကို အခြေခံမှစ၍ နားလည်သဘောပေါက်စေရန် ရှင်းလင်းထားပြီး ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များ၊ မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများနှင့် စက်မှုနိုင်ငံကြီးအချို့၏ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု အခြေအနေများနှင့် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်ခဲ့သော ရာသီဥတုဖောက်ပြန်မှုများနှင့် အလွန်ဆိုးရွားသည့် သဘာဝဘေးအန္တရာယ်ကြီးများ၏ အကြောင်းများကိုလည်း ပြည့်စုံစွာတင်ပြထားသည်။

ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဟန့်တားတိုက်ဖျက်ရန်အတွက် မှန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်မှု လျှော့ချနိုင်မည့် နည်းလမ်းများကိုလည်း စိတ်ဝင်စားဖွယ်ရေးသားထားသည်သာမက စာနယ်ဇင်းများတွင် စာရေးသူ ရေးသားခဲ့သော ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုဖောက်ပြန်မှုစသည်များနှင့် သက်ဆိုင်သော ဆောင်းပါးအပုဒ် ၂၀ နှင့်တကွ ကိန်းဂဏန်းအချက်အလက်များကိုပါ နောက်ဆက်တွဲတွင် ဖော်ပြထားသည်။

ကျွန်ုပ်တို့ လူသားမျိုးနွယ်များ၏ အဓိကတာဝန်ကြီးတစ်ရပ်ဖြစ်နေသည့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဟန့်တားတိုက်ဖျက်ရေးတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် လူတိုင်းဖတ်သင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

အဆိုပါစာအုပ်ကို ကျော်ညွန့်ရည်စာပေမှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၂၅၀၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

(30-12)11.pmd 1 12/30/2010, 3:05 AM

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ခနောင်တိုချောင်းကူးတံတား ဆောက်လုပ်မည့် နေရာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပညာရေးစုံညီပွဲတော်

နိုင်ငံတစ်ဝန်းလုံးရှိအခြေခံပညာကျောင်းအားလုံးပါဝင်ဆင်နွှဲရန်၊

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် မှ ၃ ရက်

SCHOOL FAMILY DAY

1 - 3 January, 2011

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ခနောင်တိုချောင်းကူးတံတား တည်ဆောက်မည့်မြေနေရာ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုချောင်းအားဖြတ်၍ ဆောက်လုပ်မည့် ခနောင်တိုချောင်းကူးတံတား တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေအား တိုးပွားရေယာဉ်ပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက တံတားတည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်တင်ငွေက ညှိနှိုင်းဆွေးနွေးပြီး ခနောင်တိုချောင်းတစ်လျှောက် တံတားတည်ဆောက်ရန် လျာထားသည့်နေရာများကို ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကာ ဆိပ်ကြီးခနောင်တိုမြို့နယ် ဦးထွန်းအိုရပ်ကွက်ရှိ တံတားတည်ဆောက်မှု လျာထားချက်နေရာ အမှတ်(၂)၌ တံတားအူကြောင်း တိုင်းတာနေမှုကို ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အားပေးစကားပြောကြား

ထို့နောက် ဦးထွန်းအိုရပ်ကွက်ရှိ တောင်ပြာတန်းကုမ္ပဏီ၏ နောင်ရှည်တန် ၁၅၀ ဆန်စက်ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆန်စက်တာဝန်ရှိသူတစ်ဦးက ဆန်စက်လည်ပတ်ကြိတ်ခွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်တင်ငွေက လိုအပ်သည်များမှာကြားကာ ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

အလွယ်တကူသွားလာနိုင်

ခနောင်တိုချောင်းကူးတံတား တည်ဆောက်ပြီးစီးပါက လှိုင်သာယာ-တွံတေး-မအူပင်လမ်းမကြီးမှတစ်ဆင့် ရန်ကုန်မြို့နှင့် မအူပင်မြို့များသို့ အလွယ်တကူ သွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ ညအပူချိန် လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၉

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် (-၁)ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် သုည ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၃၀ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းဖွယ်ရာရှိပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းလာနိုင်သည်။

အမှာစကားပြောကြား

မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမြင့် ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများ၊ စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များ ဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အမှတ်(၂)အခြေခံပညာဦးစီးဌာန ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စည်းကမ်းချက်များ ဆွေးနွေးပွဲ၊ သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

ပညာရေးဝန်ကြီးဌာန အမှတ်(၂)အခြေခံပညာဦးစီးဌာန ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများ၊ စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များ ဆွေးနွေးပွဲ၊ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမြင့်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးရဲလွင်အောင်နှင့် တာဝန်ရှိသူများ၊ အထက်မြန်မာပြည် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် အထက်တန်း၊ အလယ်တန်းကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာစစ်အဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမြင့်က အမှာစကားပြောကြားရာတွင် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပရာ၌ လိုက်နာရန်စည်းကမ်းချက်များ ဆွေးနွေးပွဲ၊ သင်တန်းကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် တရားမျှတမှု၊ စည်းကမ်းလိုက်နာမှုနှင့် မသမာမှုကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်၊ စာမေးပွဲမတိုင်မီ၊ စာမေးပွဲကျင်းပစဉ်နှင့် စာမေးပွဲကျင်းပပြီးလျှင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဂရုတစိုက် သတိပြုဆောင်ရွက်ရန်၊ ပညာရေးဌာန၏ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျမှန်ကန်စွာ ဆောင်ရွက်ရန်၊ စာစစ်ဌာနများအားလုံး မသမာမှုကင်းရှင်းရေး၊ စာဖြေသူများ အေးချမ်းသာယာစွာ ဖြေဆိုနိုင်ရေးအတွက် ပညာရေးဝန်ထမ်းများမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးရဲလွင်အောင်က အမှာစကားပြောကြားရာတွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဆောင်ရွက်လျက်ရှိကြောင်း၊ စာဖြေသူများ စည်းကမ်းတကျနှင့် သမာသမတ်ဖြေဆိုနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ယခုဆွေးနွေးပွဲပြီးပါက ဆင့်ပွားဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာနအနေဖြင့် စာစစ်ဌာန ၆၀၆ ဌာနတွင် စာဖြေသူ ၁၄၅၂၆၀ စာရင်းပေးသွင်း ထားကြောင်း၊ ကြီးကြပ်ရေးမှူး တာဝန်ထမ်းဆောင်သူများအနေဖြင့် အုပ်ချုပ်မှု၊ စီမံကွပ်ကဲမှု စွမ်းရည်များ မြင့်မားရန်လိုအပ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ကျင်းပပေးရမည်ဖြစ်ကြောင်း၊ စာစစ်ဌာနများတွင် မသမာမှုကင်းရှင်းရေး၊ လုံခြုံရေးကိစ္စရပ်များ ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် စာစစ်ဌာနများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ ဆွေးနွေးပွဲသင်တန်းကို ဒီဇင်ဘာ ၃၀ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး သင်တန်းသို့ ၁၈၃ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၂-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဗေဒင်္ဂသုတ်

၅း၂၀ MRTV-4 သတင်း

၅း၅၀ “အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယဟောကြားတော်မူသော”တရားတော်

၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ” (အပိုင်း-၁၂၀)**

၇း၃၀ MRTV-4 သတင်း

၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်” (အပိုင်း-၈၇)**

၈း၄၀ Fashion Music Festival (Part-17)

၉း၁၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့) (အပိုင်း-၁)

၉း၂၀ စလင်း အထက ကျောင်းတော်ကြီး၏ နှစ်(၁၀၀)ခရီး

၉း၃၀ Science For All (အင်ဂျင်ဝိုင်ဆိုသည်မှာ) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)

၉း၅၅ ကိုယ်ရောက်နေတဲ့ ကိုယ့်နေရာ Myanmar Book Centre ၏ C.E.O ဒေါက်တာ သန့်သော်ကောင်းနှင့်တွေ့ဆုံခြင်း (အပိုင်း-၁)

၁၀း၁၅ တေးဂီတအစီအစဉ်

၁၀း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း

၁၁း၀၀ The Champion of Dance

၁၁း၃၀ Activities In The City (အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အခမ်းအနား

၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်

၁၂း၁၅ ရွှေဖြစ်မည့် ရတနာအစစ်. . .

၁၂း၂၅ တိုးပွားဆောင်ရွက် နိုင်ငံလက်ဖေးကူ မွေးမြူတို့အတူ (ပျော်ရွှင်စွာဆင်နွှဲ ဒေါင့်ချင်းဖမ်းပွဲ)

၁၂း၄၅ ရန်ကုန်မြင်ကွင်းကျယ် (C' CARE) ကံစမ်းမဲဖွင့်ပွဲနှင့် မိတ်ဆုံစားပွဲ)

၁း၀၀ “အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယဟောကြားတော်မူသော”တရားတော်

၂း၀၀ MRTV-4 သတင်း

၂း၂၀ Style ရှိမှ Star ဖြစ်မယ်

၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ” (အပိုင်း-၁၂၀)**

၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်” (အပိုင်း-၈၇)**

၄း၄၅ စုပေါင်းအလှူကုသိုလ်ယူ တူယှဉ်ဆင်နွှဲ ဒါနပွဲ. . .

၄း၅၅ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၄၃)ကြိမ်မြောက်စာအောင်ဆုနှင်းသဘင်

၅း၀၅ ဓာတ်ပုံထဲမှအမှတ်တရများ (ခရစ္စတီးနား)

၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်

၆း၀၀ MRTV-4 သတင်း

၆း၂၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့) (အပိုင်း-၁)

၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လောကဝက်ပါ”(အပိုင်း-၁၂၀)**

၇း၁၀ Fashion Music Festival (Part-18)

၇း၄၀ ဘဝအမောပြေပျော်ရွှင်ဖို့ သီချင်းလေးတွေဆိုကြစို့

၈း၀၀ MRTV-4 သတင်း

၈း၃၀ စကားနပန်း (တိရစ္ဆာန်မွေးတာကောင်းတယ်၊ တိရစ္ဆာန်မမွေးတာကောင်းတယ်)

၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အရိပ်စစ်” (အပိုင်း-၈၈)**

၁၀း၁၀ အနုပညာမိုးကောင်းကင်

၁၀း၃၀ ရှောင်လေဝေးဝေး အရက်ဘေး ဒေါက်တာအေးကျော် (ဗီဝကမ္မဗေဒ)

၁၀း၅၀ သင်ယူလေ့လာဂီတပညာ (Part-3) (Timing)

၁၁း၀၅ လူနေမှုဘဝအလှထဲက မြန်မာ့သနပ်ခါး. . .

၁၁း၂၅ Movie Mistakes (Troy)

၁၁း၄၅ မြန်မာစာ၊ မြန်မာစကား

၁၂း၀၅ အိုက်ကီဒိုနှင့် သမီးပျို

၁၂း၂၀ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်မှာ ပန်းလှရောင်စုံဖြာ

၁၂း၃၅ လှပချစ်စရာ လက်မှုအနုပညာ(ပန်းခြောက်ပို့စကတ်ပြုလုပ်နည်း)

၁၂း၅၀ ခရိုးရာအစားအစာ စားချင်ဖွယ်ရာ ဟင်းထုပ်ပါ

၁း၀၀ ရောင်စုံရသနီယွန်ည

၁း၃၀ ချောင်းကမ်းဘေးက ရွာကလေး (နွဲ့နွဲ့စန်း၊ ထင်ပေါ်၊ တြီကို၊ သဇင်) [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)ရန်ကုန်]

၁း၄၀ Shotting Location (ဗီဇဝါဖြို)

၂း၀၀ အံ့ဖွယ်လေ့လာအသံတုပညာ (အသံတုရဲမြင့်လေး)

၂း၂၀ အရောက်လာခဲ့မည် ရွှေမြန်မာပြည်

၂း၄၅ လင်းလက်တောက်ပ မီးဆိုင်းအလှ

၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်

၄း၀၀ Rainforest Homoland (အပိုင်း-၁)

၄း၃၀ ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်

၄း၅၀ ထူးခြားသောဘူမိ အနေအထားနှင့် ဖူးမဝသော ကျိုက်ထီးရိုးစေတီ

၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု

❑ "နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုများ"

သတင်းဓာတ်ပုံ (စာမျက်နှာ) ၆၊ ၇

❑ ဦးပြေကျော် ၏ "မြန်မာတို့၏ လွတ်လပ်ရေးနှင့် မြန်မာတို့၏ တာဝန်"

ဆောင်းပါး (စာမျက်နှာ) ၈၊ ၉

❑ ဖိုးရန်နိုင်(ကျောက်ကြီး) ၏ "လွတ်လပ်ရေးအမိဌာန် ဇာတိမာန်"

ကဗျာ (စာမျက်နှာ) ၉

❑ သုန်နဒီ ၏ "လွတ်လပ်ရေးအဓွန့်ရှည် တည်တံ့ခိုင်မြဲရေး"

ကာတွန်း (စာမျက်နှာ) ၁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး